# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၈၃)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ကူးပြောင်းတက်လှမ်းနိုင်မည့် လုပ်ငန်းစဉ်များ အချိန်ကာလသတ်မှတ်ချက်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိ

## နိုင်ငံ၏အနာဂတ်အတွက် အရေးပါသည့် ရွေးကောက်ပွဲကျင်းပမည့်အဆင့်သို့ ရောက်ရှိနေ ချမှတ်ထားသည့် လမ်းပြမြေပုံကို စည်းလုံးညီညွတ်မှုအားဖြင့် ဖော်ဆောင်

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမဦး ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳




ရန်ကုန်-မန္တလေးမှသည် နယ်စပ်ကြူကုတ်(ပန်ဆိုင်း)၊ မူဆယ်အထိ လမ်းပေါက်နေသည့် ပြည်ထောင်စုလမ်းမကြီးပေါ်မှ ကွမ်းလုံမြို့အဝင် ကွမ်းလုံကြိုးတံတားကြီးကို ရိုးမတောင်တန်း နောက်ခံဖြင့် ဤသို့ ပန်းရလျက်တွေ့ရသည်။ (မြန်မာ့အလင်း)

**ရန်ကုန် မတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတစ်ခွင်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်မြင်ကိုယ်တွေ့သိရှိနိုင်ရန်နှင့် ပြည်သူများအား တစ်ဆင့်ဖောက်သည်ချနိုင်ရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့ လားရှိုးမြို့သို့ ရောက်ရှိခဲ့ကြသည်။ လားရှိုး၊ ဟိုပန်၊ တန့်ယန်းမြို့များ၏ ဒေသဖွံ့ဖြိုးတိုးတက်မှု သတင်းမှတ်တမ်းဓာတ်ပုံများရယူခဲ့ပြီးနောက် မတ် ၂ ရက်တွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေးမှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦး နှင့်အတူ ကွမ်းလုံမြို့သို့ ခရီးဆက်ခဲ့ကြသည်။ လားရှိုးမြို့နှင့် ကွမ်းလုံမြို့ သည် ၈၅ မိုင်ကွာဝေးသည်။ တောင်ကုန်း၊ တောင်ကြောများကို ဝေ့ကာဝိုက်ကာဖြင့် ကတ္တရာလမ်းများ ဖောက်လုပ်ထားသည်။ ယခင်က မြေသားလမ်းသာဖြစ်သည်။ အချိန် လေးနာရီကျော် မောင်းနှင်ပြီးသော် ကွမ်းလုံခရိုင်အတွင်း ဝင်ရောက်လာခဲ့သည်။

**အစားထိုးသီးနှံ**

လမ်းတစ်လျှောက် တစ်ဖက်တွင် တောင်နံရံများဖြစ်ပြီး တစ်ဖက်တွင် ချောက်ကမ်းပါးများဖြစ်၏။ စီးနင်းလိုက်ပါလာသော ကားငယ်ပေါ်မှ လှမ်းမျှော်ကြည့်ရာ တောင်ကတုံးများကို ပြုပြင်လျက် *စာမျက်နှာ ၉ ကော်လံ ၃* ●


သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၁ ရက်)

# ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းရေး အရေအတွက်နှင့်အရည်အချင်း တိုးမြှင့်ရေးကြိုးပမ်း

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ယနေ့အချိန်အခါသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းဖော်ဆောင်နေသည့် အချိန်ဖြစ်သကဲ့သို့ ဒေသအလိုက် ပညာအရည်အသွေးမြင့်မားပြီး နိုင်ငံတော်အတွက်အကျိုးပြုမည့် ပညာတတ်များအား ပြုစုပျိုးထောင် မွေးထုတ်နေသည့် အချိန်အခါလည်းဖြစ်သည်။

ဤသို့ ကြိုးပမ်းအားထုတ်ဆောင်ရွက်သည့်နေရာတွင် နည်းပညာကဏ္ဍသည် ကမ္ဘာနှင့်အဝန်း အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေပြီး လူ့အဖွဲ့အစည်းများ၏ စွမ်းအားများကို ထိရောက်စွာ အကျိုးသက်ရောက်စေလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲက "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာတွင် ပဓာနကျသော အမျိုးသားရေးအင်အားစုနှစ်ရပ် လိုအပ်ကြောင်း၊ နိုင်ငံတော်လွတ်လပ်ရေး အချုပ်အခြာအာဏာနှင့် ပြည်ထောင်စုမပြိုကွဲရေးကို ကာကွယ်စောင့်ရှောက်မည့် မျိုးချစ်အင်အားစုနှင့် သဘာဝအရင်းအမြစ်များကို တန်ဖိုးရှိအောင် ဖော်ဆောင်နိုင်မည့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း" လမ်းညွှန်မှာကြားထားသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အလျောက် ပညာရေးဖြင့်သာ လူ့အဖွဲ့အစည်းတစ်ရပ်၏ ရေရှည်တိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို အရေအတွက်နှင့်အရည်အချင်းပါ တိုးတက်လာရန် နိုင်ငံတော်က ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် တိုင်းရင်းသားလူငယ်မောင်မယ်များ အဆင့်မြင့် ပညာများ လက်လှမ်းတမီသင်ယူနိုင်မည့် တက္ကသိုလ်များကို ပြည်ထောင်စုတစ်ဝန်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၇:၀၀-၁:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅-၁:၀၅ | **ဗုဒ္ဓဘာသာ(၃)မျိုး** တရားတော် (ပွင့်ဖြူဆရာတော် ဘဒ္ဒန္တ ဣသရိယ) |
| ၈:၁၀-၂:၁၀ | Industrial Talk [ဦးထွန်းကြိုင်၊ ဦးတင်အောင်ရွှေ (သုတေသီ)] |
| ၈:၄၅-၂:၄၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉:၀၅-၃:၀၅ | ကုသိုလ်မျှဝေ ယူကြစေ ပါဒသက်သေ |
| ၉:၁၅-၃:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅-၃:၂၅ | Midweek Sports News |
| ၉:၄၀-၃:၄၀ | ခါသကြံန်အဆိုအက |
| ၉:၄၅-၃:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၀-၃:၅၀ | မေတ္တာကိုအခြေပြုလို့ အလင်းလှျုတဲ့ ခရီးစဉ် (မလှိုင်မြို့နယ်) (အပိုင်း-၁) |
| ၁၀:၁၅-၄:၁၅ | ခါသကြံန်အဆိုအက |
| ၁၀:၂၀-၄:၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၂၅-၄:၂၅ | Yangon Panorama (Revlon Face-2-Face Program ယှဉ်ပြိုင်ပွဲ) |
| ၁၀:၄၀-၄:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၀-၄:၅၀ | ခါသကြံန်အဆိုအက |
| ၁၀:၅၅-၄:၅၅ | ကိုမောင်မြင့်တို့ပျော်နေပုံများ |
| ၁၁:၁၀-၅:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၂၀-၅:၂၀ | မြန်မာ့လက်မှုပညာကနုကမာ |
| ၁၁:၃၀-၅:၃၀ | လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် |
| ၁၁:၃၅-၅:၃၅ | ခါသကြံန်အဆိုအက |
| ၁၁:၄၀-၅:၄၀ | သင်္ကြန်နှင့်မုန့်လုံးရေပေါ် |
| ၁၂:၀၀-၆:၀၀ | Activities in the City (မြန်မာစားဖိုမှူးများအသင်းမှ ဆေးဝါးလှူဒါန်းပွဲ) |
| ၁၂:၀၅-၆:၀၅ | တီထွင်ဖန်တီးဆန်းသစ်စေမှာ ကလေးများရဲ့ကမ္ဘာ |
| ၁၂:၂၀-၆:၂၀ | ခါသကြံန်အဆိုအက |
| ၁၂:၂၅-၆:၂၅ | ရ·ရထားကြီးပျော်ပျော်စီး |
| ၁၂:၄၀-၆:၄၀ | Myanmar Video Rhythm |
| ၁:၀၀-၇:၀၀ | MRTV-4 အပိတ် Logo၊ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Asia World Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | အစီအစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၃:၂၅ | Australia-Uzbekistan | Star Sports (Live) |
| ၅:၂၅ | Korea Republic-DPR Korea | Star Sports (Live) |
| ၁၁:၅၅ | Saudi Arabia-UAE | ESPN (Live) |

**England World Cup Qualifiers ဘောလုံးပွဲစဉ်**

| ညပိုင်း | အစီအစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၂၅ | England-Ukraine | Star Sports (Live) |

## မြဝတီရုပ်မြင်သံကြား

၁-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၂၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၇)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဖြေလိုက်ပါ
- ၂၁။ ICT သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၇)



# ကော့မှူးမြို့နယ် ကျေးလက်ဆေးခန်း၊ စာကြည့်တိုက်နှင့် စုပေါင်းရုံးဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် မတ် ၃၁

**ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ထမ္မနိုင်ကျေးရွာ ကျေးလက်ဆေးခန်း၊ ကျေးရွာစာကြည့်တိုက်နှင့် စုပေါင်းရုံးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၁နာရီက အဆိုပါအဆောက်အအုံရှေ့ကွင်းပြင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

### အားပေးနှုတ်ဆက်

အစီအစဉ်အရ တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်တို့က ကျေးလက်ဆေးခန်း၊ကျေးရွာစာကြည့်တိုက်နှင့် စုပေါင်းရုံးအဆောက်အအုံတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စုပေါင်းဓာတ်ပုံရိုက်ကာ ကျေးလက်ဆေးခန်း၌ တက်ရောက်ကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီးအားပေးနှုတ်ဆက်သည်။

ထို့နောက် ကျေးရွာစာကြည့်တိုက် အတွင်းရှိ စာဖတ်ဝိုင်းကို ကြည့်ရှုအားပေး၍ **(အပေါ်ပုံ)** စုပေါင်းရုံးကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျေးရွာမှ ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်တို့က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာနှင့် ကျွဲမင်းကုန်းအောင်မြေသုခစေတီတော်ကို ဆက်သွယ်ပေးသည့် နှစ်လမ်းသွား မြေသားလမ်းဖွင့်ပွဲသို့ရောက်ရှိကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က မြေသားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်တို့က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကား ပြောကြားကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် လှိုင်သာယာ၊ ဒလ၊ တွံတေးလမ်းပိုင်း ကျောက်ချောခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နည်းပညာသရုပ်ပြပွဲအတွက် အကြိုရှင်းလင်းမည်

**ရန်ကုန် မတ် ၃၁**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)မှ ကြီးမှူး၍ Golden Power Technology နှင့် Personal Computer မဂ္ဂဇင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ဟာ့ဒ်ဝဲ နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခေတ်မီဟာ့ဒ်ဝဲများကို လက်တွေ့အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်၍ Overclocking နည်းပညာသရုပ်ပြပြိုင်ပွဲတစ်ရပ်ကို (Overclocking Presentation Contest) ခေါင်းစဉ်ဖြင့် ကျင်းပရန်ရှိသည်။ Overclocking နည်းပညာသရုပ်ပြပွဲအတွက် အကြိုရှင်းလင်းပွဲ Workshop ကို ဧပြီ ၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း၂၀၅တွင် Golden Power Technology နှင့် Personal Computer မဂ္ဂဇင်းမှ ပညာရှင်များက လက်တွေ့ပြသပေးမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်၄ အခန်း၄ ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြိတ်မြို့ မြိတ်တောင်နယ်မြေ ဘုရားကိုင်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က လမ်းဖွင့်ပွဲမုခ်ဦးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် ဒေါက်တာကျော်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်စည်ပင်)



# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲတက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် မတ် ၃၁

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် သတ္တမအကြိမ် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။**

**ကြိုဆိုနှုတ်ခွန်းဆက်**

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်ရေးအဖွဲ့၏ ဆုရွေးချယ်မှုမှတ်ချက်အကျဉ်းကို ဦးမျိုးသန့်(မောင်ဆုရှင်)က ရှင်းလင်းတင်ပြသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတ္တမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲတွင် ခင်မြဇင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**ဆုများချီးမြှင့်**

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သတ္တမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုရရှိကြသော အိုဂျီဦးစိုးမြင့်၏ ဘဝမှတ်တမ်းစာအုပ်ကို ရေးသားသူ ဒေါက်တာကျော်မြင့်(ဓာတ်မှန်)၊ မျိုးဆက်သုံးဆက် မြန်မာအမျိုးသမီးပန်းချီဆရာမများစာအုပ်ကို ရေးသားသူ ခင်မြဇင်နှင့် Shwedagon Mystique စာအုပ်ကို ရေးသားသူ မသိင်္ဂီတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ကျေးဇူးတင်စကား**

ထို့နောက် သတ္တမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုရရှိကြသော ဒေါက်တာကျော်မြင့်(ဓာတ်မှန်)၊ ခင်မြဇင်နှင့် မသိင်္ဂီတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**ဂါရဝပြုလက်ဆောင်**

ယင်းနောက် ကွယ်လွန်သူစာရေးဆရာ ဆရာဝန်တင်ရွှေ၏ ဇနီးဒေါ်အေးသန့်က စာပေဆု ရွေးချယ်ရေးအဖွဲ့ကိုယ်စား ဒေါက်တာဦးသော်ကောင်းအား ဂါရဝပြုလက်ဆောင်ကို ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကွယ်လွန်သူစာရေးဆရာ ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ငွေကျပ်သုံးသိန်းကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကွယ်လွန်သူ စာရေးဆရာ ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ သတ္တမအကြိမ် ဆရာဝန်တင်ရွှေစာပေဆု ရရှိကြသော စာရေးဆရာများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတ္တမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲတွင် ဒေါက်တာကျော်မြင့်(ဓာတ်မှန်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## နီပေါနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးသက်ဦး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၁

နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဦးသည် ၄င်း၏ခန့်အပ်လွှာကို မတ် ၂၀ရက်တွင် ကတ္တမန္ဒူမြို့၌ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာရမ် ဘာရန်ရ်ယာဒါဗ့်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးလှမြင့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၁

နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလှမြင့်သည် ၄င်း၏ခန့်အပ်လွှာကို မတ် ၅ရက်တွင် ဝယ်လ်လင်တန်မြို့၌ နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ် အာနတ်ဆတ်ရန်နတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦးဉာဏ်လင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၁

အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည့် လက်ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးဉာဏ်လင်းသည် ၄င်း၏ခန့်အပ်လွှာကို မတ် ၂၃ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်စုဝမ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ကော့မှူးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ကော့မှူးမြို့နယ် ဂီတအစည်းအရုံး၊ စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မတ် ၂၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီက ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစား အဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

**တာဝန်ပေးအပ်**

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့်(ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးကိုကိုက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဖွဲ့စည်းရေး အဖွဲ့ခေါင်းဆောင် ပျဉ်းမနားမြင့်လှိုင် (ပြန်ကြားရေးမှူး-၁)က ဖွဲ့စည်းတာဝန် ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းသည်။ ထို့နောက် ဥက္ကဋ္ဌ ထွေးဦး၊ ဒုတိယဥက္ကဋ္ဌ ဝင်းထက်၊ အတွင်းရေးမှူး Zar Gyi ၊ ဘဏ္ဍာရေးမှူး ဟိန်းလတ်၊ စည်းရုံးရေးမှူး အောင်ကျော်ဦး၊ ပြန်ကြားရေးမှူး ဇော်ဝင်းအောင်၊ အဖွဲ့ဝင်များဖြစ်ကြသော အောင်မျိုး၊ ဥက္ကာ၊ မျိုးဇေယျာ၊ ဝင်းနုနုဆွေ၊ ဝင်းဝင်းနွယ်တို့ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဖျာပုံ စောင်းဦးသိန်းဟန်ကြီးက ပေးအပ်ပြီး ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



### ကြည့်ရှုလှေလာ အပန်းဖြေ အနားယူ

**မတ် ၃၁ရက် ညပိုင်းက ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် ပြည်သူများ လာရောက်ကြည့်ရှုလှေလာ အပန်းဖြေ အနားယူကြစဉ်။** (သတင်းစဉ်)

## ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၃၁

**“စီးပွားရေး အကျပ်အတည်းကာလ ဒီနှစ်ရန်ကုန်သင်္ကြန်စည်မှာလား”** သင်္ကြန် ဆောင်းပါးနှင့်ပတ်သက်ပြီး အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သင်္ကြန်ချစ်သူများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၁၄)ထွက်ရှိလာသည်။

ယင်းအပြင် အရေးပေါ်လူနာများ အတွက် ပထမဆုံး ပုဂ္ဂလိကစင်းလုံးငှား လေယာဉ်ပျံသန်းရန် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းရှင်ကြီးတစ်ဦးစီစဉ်၊ မည်သည့်သွေး စစ်ဆေးမှုမျိုးကိုမဆို လျင်မြန်စွာစစ်ပေးမည့် သွေးစစ်ဆေးသည့်စက်ဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စစ်ဆေးနိုင်ပြီ၊ နာမည်ကျော် အရီးတောင်းက ကိုယ်ပိုင်ဓာတ်ခွဲခန်းထားရှိရန်စီစဉ်၊ ဘရင်းကြက်ပေါင်းရည် သောက်သုံးရာမှ အဆိပ်မိပြီး လူအချို့သေဆုံးခဲ့၍ ဈေးကွက်ပိတ်ပင်လိုက်သည်မှာ ကောလာဟလသာဖြစ်၊ နိုင်ငံတကာ အဆင့်မီ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)တွင် မကြာမီ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းခွင့်ပြုမည်၊ ပါမောက္ခဦးကျော်မြင့်နိုင်အား ပြင်သစ်အစိုးရက ဆာဘွဲ့နှင့်တူသောဘွဲ့ချီးမြှင့်၊ ဒေါ်တွေး ဂေါမုတ္တဆေးနှင့် ဒေါ်ကျင်သူငယ်နာဝမ်းနုတ်ဆေး ကောလာဟလ သတင်းများနှင့် ပတ်သက်ပြီး အင်တာဗျူး၊ သင်္ကြန်အထူးသတင်းများ၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ **“သင်္ကြန်နှင့် ပြည်သူ့အသံ”** အကြောင်း၊ **“သားစိုးက ပရိသတ်ကို ခွဲမသွားချင်ပါတဲ့”** ဖျော်ဖြေရေး သတင်းနှင့် အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

တရုတ်၏စီးပွားရေး အောက်ဆုံးအဆင့်မှ ပြန်လည်နာလန်ထူရန် အလားအလာရှိ၊ ကမ္ဘာတစ်ဝန်းရှိ ဟိုတယ်နှင့် အခန်းခဈေးနှုန်းများကျဆင်း၊ အိုဘားမားက ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကို ပူးပေါင်းဖြေရှင်းရန် အင်ဒိုနှင့် ဖိလစ်ပိုင်ခေါင်းဆောင်များထံ ဖုန်းဆက်ဆွေးနွေး၊ အသားမစားသူများက အသားစားသူများထက် ကင်ဆာရောဂါဖြစ်ပွားမှု သိသိသာသာနည်းပါး၊ အိုင်စီတီဘွဲ့ရ အလုပ်လက်မဲ့ ၃၀၀၀ကို စာသင်ကျောင်းများတွင် ကွန်ရက်ချိတ်ဆက်ပံ့ပိုးသူများ ဖြစ်လာစေရန် ထောက်ပံ့ကူညီ၊ **“ဆယ်ကျော်သက်အရွယ် မိန်းကလေးကို လိင်ကျေးကျွန်အဖြစ် အဓမ္မခိုင်းစေသော မွေးစားမိဘများအား ထောင်ဒဏ်ချမှတ်”** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **“ပြောရဦးမယ်သူတို့ကဒီလိုတဲ့”** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

**(သတင်းစဉ်)**

### ✻ ကျော့ဖုံးမှ

အစားထိုး စွမ်းအင်သုံးစွဲမှုများအနက် အမြဲတမ်းထုတ်ယူသုံးစွဲခြင်း မကုန်ခန်းနိုင်သော နေ၊ လေ၊ ရေတို့မှ ရယူသည့်အခါ ကုန်ကျစရိတ်သက်သာပြီး ရေရှည်သုံးစွဲနိုင်သော နည်းပညာများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ သဘာဝစွမ်းအင်သုံးစွဲမှုကို အလေးထားလာကြပြီဖြစ်သည်။

ထို့ကြောင့် လေနှင့် နေတို့မှရယူသော ဓာတ်အားသုံးစွဲမှုသည် ကမ္ဘာတစ်ဝန်း၌ လာမည့် ၂၀၃၀ပြည့်နှစ်၌ ၁၂ရာခိုင်နှုန်းအထိ တိုးမြှင့်အစားထိုး သုံးစွဲလာမည်ဖြစ်သည်။

**ပိုမိုအသုံးပြု**

အထူးသဖြင့် လေမှရရှိသော ဓာတ်အားကို အနာဂတ်ကာလ၌ ပိုမိုအသုံးပြုလာမည်ဖြစ်ရာ ဓာတ်အားအပြည့်အဝ ရယူသုံးစွဲနိုင်ရေးတွင် နည်းပညာသစ်များဖြင့် ပေါင်းစပ်နိုင်မည်ဖြစ်သဖြင့် ၂၀၅၀ပြည့်နှစ်တွင် ကမ္ဘာ့ဓာတ်အားသုံးစွဲမှု၏ ၄၀ရာခိုင်နှုန်းအထိ အစားထိုးသုံးစွဲနိုင်မည်ဟု ဒိန်းမတ်သုတေသနပညာရှင် ပီတာဆင်ကပြောကြားသည်။

### ■ ကျော့ဖုံးမှ

*အသားတုအမှုန့်များကို အရသာကောင်းမွန်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်ထားရာ ကျန်းမာရေးထိခိုက်စေကာ ကလေးငယ်နှင့် ဆယ်ကျော်သက်များ ကြီးထွားဖွံ့ဖြိုးရေးကို ထိခိုက်စေသည်ဟု ဆိုသည်။*

**သတိပေးထား**

*ထိုအစားအစာများကို နေ့စဉ်စားသုံးသောသူများသည် ဓာတုဆေးများ၊ ဆော်ဒါမှုန့်များနှင့် အခြားသောပေါင်းစပ်ပစ္စည်းများကြောင့် ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုကို ထိခိုက်စေပြီး သွေးတိုးနှင့် နှလုံးရောဂါများ ရရှိစေနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးထားသည်။*

1-4 (03).pmd 1 4/1/2009, 2:34 AM



# ပါကစ္စတန် ရဲသင်တန်းကျောင်း အပြင်ဘက်၌ အကြမ်းဖက်တိုက်ခိုက် ၂၂ဦး သေဆုံး

အစ္စလမ္မာဘတ် မတ် ၃၁

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့၌ မတ် ၃၀ ရက် စောစောပိုင်းက ရဲတပ်ဖွဲ့သင်တန်းကျောင်းအပြင်ဘက်၌ အကြမ်းဖက်သမားများ၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၂၂ဦးသေဆုံးပြီး ၅၀ကျော်ဒဏ်ရာ ရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

**ထုတ်ပြန်**

ယင်းဖြစ်ရပ်သည် လာဟိုးမြို့ရှိ ရဲတပ်သားသစ်များ၏ သင်တန်းကျောင်း အပြင်ဘက်တွင် သေနတ်သမားများက လက်ပစ်ဗုံးဖြင့်ဖောက်ခွဲကာ အကြမ်းဖက်တိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားမှ သတင်းထုတ်ပြန်သည်။

သေနတ်သမား၁၂ဦးမှာ ရဲသင်တန်းကျောင်းအတွင်း၌ ဆက်လက်ပစ်ခတ်မှုများ ပြုလုပ်လျက်ရှိရာ အခင်းဖြစ်ပွားရာသို့ အထူးလုံခြုံရေးတပ်ဖွဲ့များရောက်ရှိကာ နှိမ်နင်းမှုများပြုလုပ်ခဲ့ကြောင်း ပြည်နယ်ရဲမှူးရုံးအဖွဲ့မှ အကြီးအကဲက ထုတ်ဖော်ပြောကြားသည်။

**ပိုမိုဆိုးရွား**

၂၀၀၁ခုနှစ် စက်တင်ဘာ၉ရက်က နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ တိုက်ခိုက်ဖျက်ဆီးခံရပြီး နောက် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များသည် အာဖဂန်နိုင်ငံတွင်း ကျူးကျော်ဝင်ရောက်ကာ တာလီဘန်အစိုးရဖြုတ်ချရေး၊ အယ်လ်ခိုင်ဒါအဖွဲ့အားနှိမ်နင်းရေး၊ အိုစမာဘင်လာဒင်အား ဖမ်းဆီးရေးနှင့် ဒေသတွင်း အကြမ်းဖက်သောင်းကျန်းမှုများ လုံခြုံရေးအတွက် တပ်ဖြန့်ချထားလျက်ရှိရာမှ အာဖဂန်နှင့် ပါကစ္စတန်နိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်သမားများ ပိုမိုဆိုးရွားလာခဲ့သည်။

(အင်တာနက်)



# ဗီယက်နမ်၌ စွန်လွှတ်ပွဲတော် ကျင်းပ

ဟန္နိုင်း မတ် ၃၁

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘာရီဗင်တူမြို့ကမ်းခြေဒေသ၌ သုံးရက်ကြာကျင်းပသော အပြည်ပြည်ဆိုင်ရာ စွန်လွှတ်ပွဲတော်သည် မတ်၂၉ရက်က ပြီးဆုံးသွားရာ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများနှင့် ဗီယက်နမ်နိုင်ငံတွင်းမှ စိတ်ပါဝင်စားသူ ၂၀၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း(ဓါတ်ပုံ) ဗီယက်နမ်နယူးစ် သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

**ဆုများရရှိ**

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း၁၇နိုင်ငံမှပါဝင်ယှဉ်ပြိုင်ရာ ဂျာမနီ၊ ပြင်သစ်၊ နယူးဇီလန်၊ ဗြိတိန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆုများ အသီးသီးရရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

**ဆီးနှင်းထူထပ်**

အမေရိကန်နိုင်ငံ အိုကလာဟိုးမား ပြည်နယ်တွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက်ရှိသည်ကို မတ် ၃၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# အကျဉ်းသားများအား သတ်သည့်ကန် တပ်ကြပ်ကြီး တစ်သက်တစ်ကျွန်းကျခံရ

ဘာလင် မတ် ၃၁

ဘဂ္ဂဒက်မှ အီရတ်အကျဉ်းသားလေးဦးအား သတ်ဖြတ်ခဲ့သူ အမေရိကန်စစ်ဘက်မှ တပ်ကြပ်ကြီး တစ်ဦးအား ထောင်ဒဏ် တစ်သက်တစ်ကျွန်း ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း စစ်ဘက်က မတ် ၃၀ရက်တွင် ပြောကြားသည်။

**ဖော်ပြ**

၎င်းတပ်ကြပ်ကြီးမှာ အသက် ၂၇နှစ်ရှိ ဂျိုးဇက်မေယိုဖြစ်ပြီး သတ်ဖြတ်ရန်ကြိုတင်စီစဉ်ခဲ့သည်ဟူသောစွဲချက်အပေါ် မှန်ကန်ကြောင်း ဂျာမနီနိုင်ငံ ဗီလ်ဆက်ခ်ရှိ စစ်ခုံရုံးတွင် ဝန်ခံခဲ့သည်ဟု စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

**စစ်ဆေး**

၎င်းအား ဂျာမနီနိုင်ငံရှိ စစ်ခုံရုံးတွင် စစ်ဆေးခဲ့ပြီး ယင်းနိုင်ငံ၌ ၎င်းတပ်ကြပ်ကြီး၏တပ်ဖွဲ့ အခြေစိုက်သည်ဟု ဆိုသည်။

**ပြောကြား**

စစ်ဆေးရာတွင် တပ်ကြပ်ကြီး ဂျွန်ဟက်တ်လေအား သက်သေခံထွက်ဆိုရန် တပ်ကြပ်ကြီးမေယိုက သဘောတူညီထားသည်။ လက်နက်မဲ့ အကျဉ်းသားများအား လက်ထိတ်ခတ်၊ မျက်စိအား အဝတ်ဖြင့်စည်းနှောင်ကာ ဘဂ္ဂဒက်မြို့ရှိ တူးမြောင်းတစ်ခုအနီး၌ ၂၀၀၇ ခုနှစ်က ပစ်သတ်ခဲ့ရာတွင် ဂျွန်ဟက်တ်လေလည်းပါဝင်ခဲ့ကြောင်း မျက်မြင်သက်သေများက ထွက်ဆိုသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အီရတ်နိုင်ငံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ရဲအရာရှိနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရရှိ

ရာမာဒီ မတ် ၃၁

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်မှ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်သည့် သီးခြားဖြစ်ရပ်များအတွင်း မတ် ၂၉ ရက်က လျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပေါက်ကွဲ**

ဖလူးဂျာမြို့အရှေ့တောင်ပိုင်း ခုနစ်ကီလိုမီတာခန့် ကွာဝေးသည့် အမ်ရီယက်အယ်လ်ဖလူးဂျာမြို့ရှိ ရဲအရာရှိဖြစ်သူ ဗိုလ်မှူး မိုဟာမက်ဂျား၏ မော်တော်ယာဉ်တန်းအနီး လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် ရဲအရာရှိ မိုဟာမက်ဂျားနှင့် ကိုယ်ရံတော် ခြောက်ဦးဒဏ်ရာရရှိပြီး မော်တော်ယာဉ်တန်းမှ ယာဉ်နှစ်စီး ပျက်စီးခဲ့သည်။

**ထုတ်ပြန်**

သီးခြားတိုက်ခိုက်မှုအဖြစ် ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ၁၀၀အကွာ ရာမာဒီမြို့လယ်ရှိ အန်ဘာတက္ကသိုလ်မှ လုံခြုံရေးအကြီးအကဲ၏ မော်တော်ယာဉ်တွင် ထောင်ထားသည့်ဗုံးမှ ပေါက်ကွဲသည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးအကြီးအကဲနှင့် ၎င်း၏ကိုယ်ရံတော်နှစ်ဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အယ်လ်ရှက်ဘ်အရပ်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ်၂၉ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



# ဖင်လန်၌ အလုပ်လက်မဲ့ဦးရေ မြင့်တက်လာ

ဟယ်လ်ဆင်ကီ မတ် ၃၁

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖင်လန်နိုင်ငံ၏ အလုပ်လက်မဲ့ ဦးရေမှာ နှစ်သိန်းနီးပါးသို့ ရောက်ရှိလာခဲ့ပြီး အလုပ်သမားဦးရေ၏ ၇ဒသမ ၆ ရာခိုင်နှုန်းသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း မတ် ၂၉ ရက်က ထုတ်ပြန်သည့် ဖင်လန်စာရင်းအင်းဌာန၏ အစီရင်ခံစာ၌ ဖော်ပြသည်။

**ထုတ်ပြန်**

အလုပ်လက်မဲ့စာရင်းများ ကောက်ယူရာ၌အမျိုးသားများ အလုပ်လက်မဲ့ ဖြစ်ပွားမှုမှာ အများဆုံးဖြစ်ကာ ၈ဒသမ ၁ရာခိုင်နှုန်းရှိကြောင်း၊ အမျိုးသမီးများ အလုပ်လက်မဲ့ဖြစ်ပွားမှုမှာ ၇ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ထို့ပြင် အလုပ်လက်မဲ့ဖြစ်ပွားသူများတွင် အသက် ၁၅ နှစ်မှ ၂၅နှစ်အတွင်းရှိ လူငယ်လူရွယ်များလည်း ပါဝင်ကြောင်း အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

**ခန့်မှန်း**

ယခုနှစ်အတွင်း အလုပ်လက်မဲ့ဦးရေ တစ်သိန်းကျော်ထပ်မံမြင့်တက်လာဦးမည်ဖြစ်ကာ အလုပ်လက်မဲ့ ရာခိုင်နှုန်းမှာလည်း ၉ရာခိုင်နှုန်းသို့ပင် ရောက်ရှိလာမည် ဖြစ်ကြောင်း ဖင်လန်စီးပွားရေးဝန်ကြီးဌာနက ခန့်မှန်း ပြောကြားသည်။

(အင်တာနက်)

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့ပြင် ရှုအိဘာစက်မှုဇုန်ရှိ ရေနံချက်စက်ရုံတစ်ရုံကို မတ် ၃၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



# အယ်လ်ခိုင်ဒါတို့ကို ချေမှုန်းရန် ပါကစ္စတန်၌ ကန်တပ်ဖွဲ့ မဖြန့်ကြက်ဟုဆို

ဝါရှင်တန် မတ် ၃၁

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အယ်လ်ခိုင်ဒါစစ်သွေးကြွများကို လိုက်လံချေမှုန်းရေးအတွက် ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခြင်းမပြုရန် ဆုံးဖြတ်ထားကြောင်း မတ် ၂၉ရက်က ပြောကြားလိုက်သည်။

**ပြောကြား**

စစ်သွေးကြွများအား ဒုံးကျည်ဖြင့် ပစ်ခတ်ချေမှုန်းနည်းကို ပြောင်းလဲခြင်းပြုမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ စစ်သွေးကြွများကို တိုက်ခိုက်လျှင် ပါကစ္စတန်နှင့် ညှိနှိုင်းပြီးနောက် ပစ်ခတ်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ကျောက်ဖြူနှင့်ရမ်းဗြဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မတ် ၃၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၂၉ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့ အရာရှိရပ်ကွက်ရှိ ရေတွင်းမှ ရေများကို မြို့ပေါ်ရှိ ရပ်ကွက်များသို့ ရေပေးရေးဆောင်ရွက်ထားရှိမှု**(အောက်ပုံ)**၊ လေပွေ့ စာကြည့်တိုက်အသစ် တည်ဆောက်ထားမှု၊ ရေကာတာတမံတည်ဆောက်နေမှု၊ ပြီးစီးမှု၊ ပိုက်ဆိပ်ရပ်ကွက်နှင့် ကညင်တောကျေးရွာသွားလမ်း ကတ္တရာခင်းနေမှု၊ ပြီးစီးမှုနှင့် ပိုက်ဆိပ်ရပ်ကွက် ရေမြောင်းတူးဖော်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညနေပိုင်းတွင် ရမ်းဗြဲမြို့နယ် လေးတောင်တိုက်နယ် သရက်ချိုကျေးရွာ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ သရက်ချိုကျေးရွာ၊ စပါးတုံကျေးရွာ၊ ဇရပ်ပြင်ကျေးရွာ၊ လေးတောင်ချောင်းကျေးရွာနှင့် ဦးဂကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၂၅ရွာတို့မှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၂၀၀ကျော်နှင့် တွေ့ဆုံသည်။

**ပေးအပ်**

တွေ့ဆုံပွဲတွင် ကျေးရွာအုပ်စုများရှိ ကျေးရွာနေပြည်သူများအတွက် ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ ဂျာနယ်/စာစောင်နှင့် မဂ္ဂဇင်းများ၊ အားကစားပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်၊ ဆေးပေးခန်းနှင့် အခြေခံပညာကျောင်းများအတွက် လိုအပ်သော ဘိလပ်မြေအိတ် ၁၀၂၀၊ သွပ်အချပ် ၄၅၀ နှင့် ငွေကျပ် ၁၅၅သိန်းတို့ကို တိုင်းမှူးနှင့် ဝန်ကြီးတို့က ပေးအပ်ပြီး ကျေးရွာများသို့ အယ်အီးဒီမီးချောင်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





❐ *ကျောဖုံးမှ*

သံရည်ကျိုလုပ်ငန်းအတွက် ပစ္စည်းများထုတ်လုပ်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားကာ စက်ရုံအတွင်း ထုတ်လုပ်ထားသည့် စက်ကိရိယာပစ္စည်း နမူနာများနှင့် ကုန်ထုတ်လုပ်မှုအဆင့်ဆင့် ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးသည်။

**ပိုမိုထုတ်လုပ်**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် Myanbisco Food Industries Co., Ltd. ၏ ဘီစကွတ်မုန့်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ဘီစကွတ်မုန့်အမျိုးအစားအလိုက် ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် Provem Technology Industry Co., Ltd. ၏ Toyo ဘက်ထရီထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ပြည်ပမှထုတ်လုပ်သော ပစ္စည်းများနှင့်ယှဉ်၍ ပြည်တွင်း၌ ဘက်ထရီအိုးအမျိုးမျိုးကို ကျယ်ပြန့်စွာထုတ်လုပ်နေမှု၊ ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မှုတို့နှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပိုမိုထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာ စက်မှုဇုန်(၃)ရှိ Myanbisco Food Industries Co., Ltd. ၏ ဘီစကွတ်မုန့် ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၀ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၇ရက် (အဖိတ်နေ့)**

**၁-၄-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ တေးသရုပ်ဖော်အစီအစဉ်
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၁၀ ၇။ စက်ခေါင်းသစ်ယန္တရား အသစ်များဖြင့် မြန်မာ့မီးရထား
- ၈:၂၀ ၈။ ခါသင့်ကြန်အဆိုအကများ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Local Talent

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၄:၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄:၄၀ ၅။ ခါသင့်ကြန် အဆို၊ အကများ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၈။ အဆိုပြိုင်ပွဲ
- ၅:၁၅ ၉။ တေးဂီတအစီအစဉ်
- ၅:၂၅ ၁၀။ **ကျန်းမာသန်ထွားဉာဏ်မြင့်မား** မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဌမ်းပုံ (ဒါရိုက်တာ-ခင်ဇော်၊ ကုမုဒြာ)
- ၅:၃၅ ၁၁။ ခါသင့်ကြန်အဆို၊ အကများ
- ၅:၄၅ ၁၂။ အလှမယ်များတွေ့ဆုံပွဲ
- ၆:၀၀ ၁၃။ ညနေခင်းသတင်း
- ၆:၃၀ ၁၄။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၅။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၅၀ ၁၆။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၂၀ ၁၇။ ရှသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၇:၄၅ ၁၈။ ခါသင့်ကြန် အဆို၊အကများ
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၁)
- ၂၃။ မြန်မာဗီဒီယိုဇာတ်လမ်း **အချစ်ရှိသည် ပွဲစားမလို** လူမင်း၊ ထက်ထက်မိုးဦး၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-ဇော်ဆက်)

# ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား Hindustan Machine Tools Int'l Ltd.မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၃၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား Hindustan Machine Tools (HMT) International Ltd. မှ Mr. P. Prakash နှင့် Mr. I.G Kandaraji တို့သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ညွှန်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။ **(အောက်ပုံ)**

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြပြီး ဝန်ကြီးက နည်းပညာအဆင့်အတန်းမြင့်မားသော စက်မှုသင်တန်းကျောင်းဖြစ်စေရေးနှင့် စီမံကိန်းကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မတ် ၃၁ရက်က (၃၈)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့နှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Major General Abu Roshde Rokonuddawla,ndc,psc နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



# ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃၁

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာ ဆရာမများကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီ အနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန် ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အပတ်စဉ်(၂၇) ပထမနှစ် သင်တန်းနှင့် အပတ်စဉ်(၂၆) ဒုတိယနှစ် သင်တန်းများကို ဧပြီ ၂၄ရက်မှ မေ ၁၅ရက်အထိ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၁၈ရက်မှ မေ ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန်အတွက် ဧပြီ ၂၃ရက် နောက်ဆုံးထား သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမှတ်(၁)စက်မှုဝန်ကြီး ဦးအောင်သောင်း ချမ်းအေးသာစံနှင့် အောင်မြေသာစံမြို့နယ်ရှိ ရပ်ကွက်ပြည်သူများအား တွေ့ဆုံ

နေပြည်တော် မတ် ၃၁

အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် မတ် ၂၈ရက် နံနက်ပိုင်းက မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်ရှိ ကန်ကောက်၊ မျက်ရှင်၊ မျက်မှန်၊ ပတ်ကုန်းပျော်ဘွယ်၊ ပတ်ကုန်းဝန်းကျင်၊ ရန်မျိုးလုံ၊ စိတ္တရမဟီ၊ ဟေမာဇလ၊ မောရဇီဝါ၊ အောင်နန်းအရှေ့အနောက်၊ ချမ်းအေးသာစံ အရှေ့ အလယ်၊ အနောက်၊ ပြည်ကြီးပျော်ဘွယ် အရှေ့နှင့် အနောက်၊ သီရိဟေမာ အရှေ့နှင့် အနောက်၊ ဒေးဝန်းအနောက်ရပ်ကွက်များမှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဝန်ကြီးက ပံ့ပိုးကူညီ ဆောင်ရွက်ပေးကာ အမှာစကားပြောကြားသည်။

## တွေ့ဆုံ

ဝန်ကြီး ဦးအောင်သောင်းသည် မတ် ၂၉ ရက် နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် ပန်းစုံကျောင်းတိုက်ဝင်း၌ အောင်မြေသာစံမြို့နယ်ရှိ မဟာဇေယျာဘုံ၊ အနိုပ်တော်၊ ဒေါနဘွား၊ အိုးဘိုရွှေကျင်၊ မေဃဂီရိ၊ ပြည်လုံးချမ်းသာ၊ ပြည်ကြီးရန်လုံ၊ ပုလဲငွေရောင်၊ အမရဗ္ဗာနီ အရှေ့နှင့် အနောက်၊ ပြည်ကြီးကျက်သရေ အရှေ့နှင့်အနောက်၊ သီရိမာလာအရှေ့နှင့်အနောက်၊ မင်းတဲအီကင်း၊ အောင်မြေသာစံ၊ ဥပုသ်တော်ရပ်ကွက်နှင့် ညောင်ကွဲရပ်ကွက်တို့မှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးက အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အား အပ်ချုပ်စက် ၁၀ လုံးစီ၊ ဘုန်းတော်ကြီးရပ်ကွက် စာကြည့်တိုက်နှင့်မီးဘေးကာကွယ်ရေးအတွက် ငွေကျပ် ၃၅သိန်း၊ ဥပုသ်တော်ရပ်ကွက် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်း ပြုပြင်ရန် ငွေကျပ်ငါးသိန်းနှင့် ဘိလပ်မြေအိတ် ၂၀၀၊ အိုးဘိုရွှေကျင်ရပ်ကွက် အမှတ်(၃၅)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်းများ ပြုပြင်ရန် ငွေကျပ်ငါးသိန်း၊ ဘိလပ်မြေအိတ် ၅၀နှင့် သွပ်အချပ် ၁၀၀၊ အမရဗ္ဗာနီရပ်ကွက် ဆွမ်းလောင်းအသင်း၊ အဘိဓမ္မာသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများအတွက်ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

## တက်ရောက်

ဝန်ကြီးသည် နံနက် ၁၀ နာရီတွင် ကနောင်ဆည့်ရိပ်သာ ရှင်းလင်းဆောင်၌ ကျေးလက်နေပြည်သူများ မီးလင်းရေးအတွက် တန်ဖိုးနည်း ပလတ်စတစ်ဇီဝဓာတ်ငွေ့ထုတ်စက်နှင့် နွားချေးနှင့်ဆား ဆတူရောစပ်၍ ဓာတ်ခဲဟောင်းအသုံးပြုပြီး လျှပ်စစ်မီးထုတ်လုပ်မှု ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လောင်းလုံးမြို့ ထောင့်နန်းကျေးရွာ ဒီရေတောအတွင်း ရေငန်ပုစွန်သားပေါက်များ မျိုးစိုက်ထည့်

ထားဝယ် မတ် ၃၁

တနင်္သာရီတိုင်း ထားဝယ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့က ကြီးမှူး၍ ရေငန်ပုစွန်သားပေါက်မျိုးစိုက်ထည့်ခြင်း ဒုတိယအကြိမ် အခမ်းအနားကို မတ် ၁၀ရက် နံနက်၉နာရီခွဲက ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာဝမော် ရေငန်ပုစွန်သားဖောက်စခန်း၌ ကျင်းပသည်။

## မျိုးစိုက်ထည့်

အခမ်းအနားသို့ ထားဝယ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးထိန်ဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်၊ လောင်းလုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညာဏ်စိုးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေလုပ်ငန်းရှင်များနှင့်ရေလုပ်သားများအား ရေငန်ပုစွန်သားပေါက်များ ပေးအပ်ပြီးနောက် လောင်းလုံးမြို့ ထောင့်နန်းကျေးရွာ ဒီရေတောအတွင်း ရေငန်ပုစွန် သားပေါက်ကောင်ရေ ငါးသိန်းကို မျိုးစိုက်ထည့်ပေးသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ရေငန်ပုစွန် သားပေါက်ကောင်ရေ သိန်း၂၀ မျိုးစိုက်ထည့်ခဲ့ပြီးကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

# ညောင်ဦး၌ စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

ညောင်ဦး မတ် ၃၁

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေချီးမြှင့်သည့် အခမ်းအနားကို ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီရုံး၌ မတ်၂၂ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၁၂ဦး အတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၂၂၄၀၀၀၀ကို အခြေခံနယ်မြေ စည်းရုံးရေးမှူးများအား ချီးမြှင့်ထောက်ပံ့သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင်များနှင့် အခြေခံစည်းရုံးရေးမှူးများကိုယ်စား စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ အုပ်ခွဲတပ်ကြပ်ကြီးမျိုးဆွေ(ငြိမ်း)က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ပတ်ဝန်းကျင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း သရုပ်ပြရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ရွှေမင်းသား ငံပြာရည်ခန်းမ၌ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းများတွင် အသုံးပြုရာမှထွက်ရှိသော ရေဆိုးရေညစ်များမှ အနံ့ပျောက်ကင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းစေရေးတို့အတွက် ပတ်ဝန်းကျင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း သရုပ်ပြရှင်းလင်းပွဲကို မတ် ၇ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဦးဝေ၊ အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးဂျူးလီယက်ကျော်၊ ဦးစီးမှူးဦးတင်သန်းထွေး၊ ဦးရင်ရှိန်တို့နှင့် အတူ ပတ်ဝန်းကျင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ခံ ဦးကိုကိုအေး၊ ပညာရှင်ဦးစံလင်းတို့က ရှင်းလင်းသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုကြသည့် လုပ်ငန်းရှင်များနှင့်အတူ ကွင်းဆင်းသရုပ်ပြ၍ သဘာဝပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေရေး၊ မကောင်းသော အနံ့အသက်များ ပပျောက်စေရေး၊ ရေဆိုးရေညစ်များအတွင်း ခြင်၊ ယင် မပေါက်ပွားစေရေးနှင့် ထုတ်လုပ်သည့် ရေထွက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး လိုအပ်ကြောင်း ပြောကြားသည်။ **(မြန်မာ့အလင်း)**

# စစ်ကိုင်းတိုင်း ပုလဲမြို့နယ်၊ မကွေးတိုင်း မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်များမှ ပရိုင်းမိတ် အံသွားနှင့် နို့တိုက်သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိ

## အရှေ့အာရှဒေသတွင် သက်တမ်းအရင့်ဆုံး ရှာဖွေတွေ့ရှိမှုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့

*နေပြည်တော် မတ် ၃၁*

*ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အရာထမ်းများနှင့် သမိုင်းသုတေသနဦးစီးဌာနမှ အရာထမ်းတစ်ဦးပါဝင်သောအဖွဲ့သည် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့နှင့် ပူးပေါင်း၍ ၂၀၀၉ခုနှစ်တွင် စစ်ကိုင်းတိုင်း ပုလဲမြို့နယ်နှင့် မကွေးတိုင်း မြိုင်မြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့၌ ကျောက်ဖြစ်ရုပ်ကြွင်းများရှာဖွေခြင်း၊ ဘူမိဗေဒဆိုင်ရာ တိုင်းတာမှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။*

### *သုတေသနပြုတွေ့ရှိ*

*မြန်မာ-ဂျပန် ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေလေ့လာရေးအဖွဲ့သည် မကွေးတိုင်း မြိုင်မြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်များ၌ ပေါ်ထွက်နေသော ရောဝတီကျောက်လွှာစုတွင် ရှာဖွေသုတေသနပြုလုပ်ငန်းများဆောင်ရွက်စဉ် ပရိုင်းမိတ်၏ အပေါ်အံသွားလွတ် တစ်ချောင်းနှင့် အံသွားသုံးချောင်းပါအောက်ဘက်မေးရိုး အပိုင်းအစတစ်ခု၊ အောက်အံသွားလွတ်တစ်ချောင်း၊ အောက်ရှေ့အံသွားလွတ်တစ်ချောင်း၊ အံသွားအပုံတစ်ခုနှင့် နို့တိုက် သတ္တဝါများဖြစ်သော ရှေးဦးကြံ့၏ အောက်မေးရိုးပါ သွားများနှင့် အရိုးအပိုင်းအစများ၊ ရှေးဦးဆင်တို့၏အံသွားများ၊ ကြွက်၊ရှဉ့်၊ ယုန်မျိုးနွယ်ဝင်သတ္တဝါ၏ ရှေ့အံသွားပါ မေးရိုးတစ်ခု၊ အသားစား သတ္တဝါ၏ မေးရိုးနှင့် သွားအပိုင်းအစတစ်ခု၊ ရှေးဦးရေမြင်း၏သွားပါ မေးရိုးနှင့် အံသွားလွတ်များ၊ ကျွဲ၊ နွားတို့၏ မေးရိုးပါ သွားများနှင့် အရိုးအပိုင်းအစများ၊ ဖွတ် သတ္တဝါတို့၏ အရိုးအပိုင်းအစများကို ရှာဖွေသုတေသနပြု တွေ့ရှိရသည်။*

### *သမိုင်းတန်ဖိုးမြင့်မား*

*အဆိုပါ ရှာဖွေသုတေသနပြုတွေ့ရှိသည့် ကျောရိုးရှိ နို့တိုက်သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများသည် သုတေသနပြုလုပ်ငန်းများဆောင်ရွက်သည့် နှစ်ပေါင်း ၁၀၀ကျော်အတွင်း ပထမဦးဆုံးတွေ့ရှိချက်ဖြစ်ပြီး ဘူမိသက်တမ်းနှစ်ပေါင်း ငါးသန်းမှ နှစ်သန်းခန့်သက်တမ်းရှိ ရောဝတီ ကျောက်လွှာစု၏ အလယ်ပိုင်းကျောက်လွှာအတွင်း ရှာဖွေတွေ့ရှိခြင်းကြောင့် အရှေ့အာရှဒေသတွင် သက်တမ်းအရင့်ဆုံး ရှာဖွေတွေ့ရှိမှု ဖြစ်ကြောင်း သိရှိမှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုသို့ မှတ်တမ်းတင်နိုင်ခြင်းဖြင့် လူတူ မျိုးနွယ် Hominoid များနှင့်အတူ ဆာကိုပီးသီးစီးအေး (Cercopithecidae) မျိုးရင်းဝင် ပရိုင်းမိတ်တို့သည် အတိတ်ခေတ် မြန်မာနိုင်ငံ၏ ရေမြေပေါ်တွင် အတူယှဉ်တွဲ ရှင်သန်နေထိုင်ခဲ့ကြောင်းကို ဖော်ထုတ်နိုင်ခဲ့၍ သမိုင်းတန်ဖိုးမြင့်မားသည့် တွေ့ရှိမှုဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)*

# ပင်လုံမြို့နယ်စည်ပင် အမှိုက်နှင့် အညစ်အကြေးများ ရှင်းလင်းမှုဆောင်ရွက်

ပင်လုံ မတ် ၃၁

ပင်လုံမြို့ အမှတ်(၂)ရပ်ကွက်နေ ပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ လမ်းမတော်လမ်းဘေးဝဲယာတစ်လျှောက် ရေမြောင်းအတွင်းရှိ အမှိုက်နှင့် အညစ်အကြေးများ ရှင်းလင်းမှုကို မတ် ၃၀ရက်က မြို့တာဝန်ခံ ဦးသောင်းထွန်းဇော် အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ယာဉ်တင် စီဒီအမ်အေဖုန်းသုံးစွဲရန် ကန့်ဘလူ၌ ဆွေးနွေး

ရွှေဘို မတ် ၃၁

ရွှေဘိုခရိုင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကန့်ဘလူမြို့နယ်တွင် ယာဉ်တင်စီဒီအမ်အေ ရေဒီယိုတယ်လီဖုန်းများ တပ်ဆင်သုံးစွဲခွင့်ပြုမည်ဖြစ်ရာ မတ် ၁၁ရက် နံနက် ၁၀နာရီက ကန့်ဘလူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြီး စီဒီအမ်အေယာဉ်တင်ရေဒီယိုတယ်လီဖုန်းလုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်သည်။ အဆိုပါ ကော်မတီမှ ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့ ရပ်ကွက်၊ ကျေးရွာများတွင် စီဒီအမ်အေ ဖုန်းအလုံး ၆၀၀ တပ်ဆင်သုံးစွဲမည်ဟု သိရသည်။ (၀၂၇)

# မကွေး-ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ လက်ပံတန်း၌လေ့လာ

လက်ပံတန်း မတ် ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် ခေတ္တ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သီတာနှင်း၏ စီစဉ်မှုဖြင့် မကွေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)မှ ကျောင်းသား ကျောင်းသူ ၁၃ဦးတို့သည် မတ် ၂၄ရက်က ကျွန်းကလေးကျေးရွာရှိ (Green Land) သောက်ရေသန့်စက်ရုံသို့လည်းကောင်း၊ မတ်၂၅ရက်တွင် ခမုံတိုက်နယ်ဆေးရုံသို့လည်းကောင်း၊ မတ် ၂၆ရက်က မော်အင်းကျေးလက်ကျန်းမာရေးဌာနမှ ကညင်တန်းကျေးရွာအမကဋ္ဌကျင်းပသည့် ကျန်းမာရေး ပညာပေးဟောပြောပွဲသို့ လည်းကောင်း တက်ရောက်၍ ပါဝင်ဆွေးနွေးဟောပြောကြသည်။ (၁၇၅)



ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းရှိ အရှည် ၇၁၅ပေရှည်သည့် မဒေး တံတားပေါ်မှ အထူးရထား ဖြတ်သန်းခုတ်မောင်းလာစဉ်။ (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

မြေကြီးကျင်းပမာဏအနေဖြင့် ၁၈သိန်းနီးပါး ဆောင်ရွက်ခဲ့ရပြီး အများဆုံး တူးခဲ့ရသည့် မြေအနက်မှာ ၉၈ပေအထိရှိခဲ့သည်။ ဖို့မြေအနေဖြင့် ၆၇ပေအမြင့်အထိ ဖို့ခဲ့ရပြီး အများဆုံး အကွေ့ဒီဂရီသည် ၆ဒီဂရီအထိရှိခဲ့သည်။ အကွေ့ပေါင်း ၃၇ကွေ့ရှိပြီး အများဆုံးဆင်ခြေလျှော ၁း၁၀၀ ရှိသည်။ ဘူတာရုံပေါင်း ခြောက်လုံးရှိရာ သဲကောဘူတာ (ပဲခူးတိုင်း)၊ ပန်းတောင်းဘူတာ (ပဲခူးတိုင်း)၊ ဘုရားပေါ်ဘူတာ (ပဲခူးတိုင်း)၊ ညောင်ကိုင်းဘူတာ (မကွေးတိုင်း)၊ ဒါန်းကိုင်းဘူတာ (မကွေးတိုင်း)နှင့် ကံမဘူတာ (မကွေးတိုင်း)တို့ ဖြစ်ကြသည်။

## ဖြတ်သန်းသွားနိုင်

ဥသျှစ်ပင်-ကံမလမ်းပိုင်းတွင် မဒေးချောင်းတံတားသည် ၇၁၅ပေရှိပြီး ရထားရော ကားပါ ဖြတ်သန်းသွားနိုင်သည့် တံတားဖြစ်သည်။ ကံမဒေသမှ ဥသျှစ်ပင်-ပန်းတောင်း-ပြည်ကိုသွားရောက်ပါက မိုးတွင်း၌ ရေလမ်းကိုသာ အားကိုးခဲ့ကြရသည်။

မဒေးချောင်းတံတား တည်ဆောက်ပြီးစီးသွားသည့်အတွက် ကံမဒေသမှ ဒေသခံပြည်သူများသည် ကံမမှ ဒေသထွက်ကုန်များကို ရာသီမရွေး ပို့ဆောင်နိုင်တော့မည်ဖြစ်သည်။ ကံမဒေသ၏ စီးပွားရေး၊ လူမှုရေးတို့သည် နေ့ချင်းညချင်း တိုးတက်လာတော့မည်မှာ အသေအချာဖြစ်သည်။ ကံမမှ ခရီးသည်နှင့် ကုန်စည်များသည် ဘုရားပေါ်ဘူတာမှတစ်ဆင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ စီစဉ်ထားသော ကုန်းလမ်းပို့ဆောင်ရေးကားများဖြင့် ပြည်မြို့သို့လည်းကောင်း၊ ဥသျှစ်ပင်ဘူတာမှတစ်ဆင့် ရခိုင်ပြည်နယ် တောင်ကုတ်သို့လည်းကောင်း၊ ကံမမှ ရထားဖြင့် ကြံခင်း-ပုသိမ်အထိ လည်းကောင်း သွားရောက်နိုင်တော့မည် ဖြစ်သည်။

## သွားရောက်နိုင်

အဆိုပါ ရထားလမ်းဖောက်လုပ်ပြီးစီးပါက ယခင်ဖောက်လုပ်ပြီးဖြစ်သော ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးအထိလည်းကောင်း၊ ထို့အပြင် ပခုက္ကူမှ မြစ်ကြီးနား၊ ပခုက္ကူမှ လားရှိုး၊ ပခုက္ကူမှ တောင်ကြီး-နမ့်စန်၊ ပခုက္ကူမှ အောင်ပန်း၊ လွိုင်ကော်သို့လည်းကောင်း သွားရောက်နိုင်မည် ဖြစ်သည်။

## ဖောက်လုပ်တည်ဆောက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ ၃၅မိုင်သာ ရှိခဲ့ရာမှ ယခုအခါ ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းအပါအဝင် တပ်မတော်အစိုးရလက်ထက်တွင် ရထားလမ်း အရှည်မိုင် ၁၂၆၁ဒသမ ၇၀ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ရထားလမ်းအရှည် စုစုပေါင်း ၃၂၃၈ဒသမ ၀၅မိုင်ရှိခဲ့ပြီ ဖြစ်သည်။ ၁၉၈၈ခုနှစ်မတိုင်မီက ဘူတာရုံပေါင်း ၄၈၇ရုံ သာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ဘူတာရုံ ၃၃၄ရုံ တိုးချဲ့တည်ဆောက် နိုင်ခဲ့သဖြင့် ဘူတာရုံ စုစုပေါင်း ၈၂၁ရုံကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီ တံတားကြီး/ငယ် စုစုပေါင်း ၅၆၅၀ရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ၄၇၇၁စင်း ထပ်မံ တည်ဆောက်နိုင်ခဲ့ရာ ယနေ့အချိန်အခါတွင် တံတားကြီး/ငယ် စုစုပေါင်း ၁၀၄၂၁စင်း ကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

## ဆက်လက်ဖောက်လုပ်

နိုင်ငံတစ်ဝန်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ဖောက်လုပ်ဆဲ ရထားလမ်းများမှာ ကံမ-ပခုက္ကူရထားလမ်း ၂၄၉မိုင်၊ ကသာ-ဗန်းမော်ရထားလမ်း ၉၅မိုင်၊ နမ့်စန်-ကျိုင်းတုံ ရထားလမ်း ၁၉၈မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ၉၅မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း ၁၃၂မိုင်တို့ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်သည်။

## ဆက်သွယ်နိုင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုမီးရထားလမ်း ကွန်ရက်ကြီးဖြစ်ပေါ်လာစေရေးအတွက် ရခိုင်ပြည်နယ်နှင့် ဆက်သွယ်နိုင်ရန် မင်းဘူး-စစ်တွေရထားလမ်းကိုလည်း စတင်ဖောက်လုပ်နေပြီဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းတွင် အထူးရထား ခုတ်မောင်းလာသည်ကို မြင်တွေ့ရစဉ်။ (မြန်မာ့အလင်း)



# မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

**ရန်ကုန် မတ် ၃၁**

## အလက(၁) ကမာရွတ် မြတ်ဆရာပူဇော်မည်

*အလက(၁) ကမာရွတ် ကွမ်းခြံ(ယခင် သရေရုံကျောင်း)၏ အာစရိယပူဇော်ပွဲကို ဧပြီ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ဘုရင့်နောင်လမ်းမကြီး ရေကြောင်းသိပ္ပံကျောင်းရှေ့ရှိ Lion City စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၆၁၂၉၃နှင့် ၅၁၁၉၃၉တို့သို့ ဆက်သွယ်လျှောက်ထားနိုင်သည်။*

## ဖွံ့ဖြိုးမှုသို့သွားရာလမ်းကြောင်း ဟောပြောပွဲ

*မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ကထိက ဒေါက်တာဝါဝါမောင် (အသုံးချဘောဂဗေဒ ရန်ကုန်စီးပွားရေးတက္ကသိုလ်)က ဖွံ့ဖြိုးမှုသို့သွားရာလမ်းကြောင်းများ ခေါင်းစဉ်ဖြင့် ဧပြီ ၂ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ ယုဇနဟိုတယ်၌ ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။*

## ချောက်အသင်း နှစ်ပတ်လည်စည်းဝေးမည်

***ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ဗဟန်း ကြားတောရလမ်းမကြီး တရားရုံးချုပ်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။***

## စက်မှုတက္ကသိုလ်(မြို့ပြ) အာစရိယပူဇော်ပွဲ

*၁၉၈၇-၁၉၉၁ စက်မှုတက္ကသိုလ်(မြို့ပြ) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၄ရက် နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ လျှောက်ထားလိုပါက ဖုန်း-၀၉-၅၀-၁၇၄၂၅၊ ၀၉-၅၀-၇၉၁၁၀ နှင့် ၀၉-၅၀-၃၃၅၅၈တို့သို့ ဆက်သွယ်နိုင်သည်။*

## ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲ

***ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဧပြီ ၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ကျန်းမာရေးဆိုင်ရာ ပညာပေး ဟောပြောမည်ဖြစ်သည်။***

## စာအုပ်ဈေးရောင်းပွဲ လောကနတ်၌ ကျင်းပ

*အမျိုးသမီးထုတ်ဝေသူများ၏ စာအုပ်ဈေးရောင်းပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းအောက်ဘလောက်ရှိ လောကနတ်အနုပညာခန်းမ၌ မတ် ၂၇ရက်မှစ၍ ဧပြီ ၅ရက်အထိ အထူးလျှော့ဈေးဖြင့် ရောင်းချလျက်ရှိရာ စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။*

## မော်လမြိုင်အသင်း နှစ်ပတ်လည်စည်းဝေးမည်

***မော်လမြိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ဧပြီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားပြီး ဖုန်း-၅၅၇၂၇၈ နှင့် ၃၈၅၉၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။***

## စက်မှုအင်ဂျင်နီယာ အာစရိယပူဇော်ပွဲ

*၁၉၈၅-၁၉၈၇ (စက်မှုအင်ဂျင်နီယာ) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် (M.E.S) ၌ ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၄၇၈၂၈ နှင့် ၀၉-၅၀-၁၀၃၉၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။*

## ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

***ဂျီတီအိုင်ကျောင်းများမှ ကျောင်းသားဟောင်းများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၃ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ၉မိုင် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၅၁၉၈၆၃ သို့ ဆက်သွယ် စာရင်းပေးနိုင်သည်။***

## မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

*အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဒဂုံရွှေအောင်လံ လက်ဝှေ့ဗိုလ်လုပွဲများကို ဧပြီ ၄ရက်နှင့် ၅ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ညနေ ၃နာရီမှစ၍ ကျင်းပမည်ဟု သိရသည်။ ။*

**(မြန်မာ့အလင်း)**

**စုစည်းရေးသားသူ - ဝင်းကျော်**

# လယ်ယာထွက်ကုန်များသည် နိုင်ငံတော်၏ပို့ကုန်အပိုင်းတွင် အဓိကအရေးပါ အရည်အသွေးအရရော၊ အရေအတွက်အရပါ တိုးတက်ထုတ်လုပ်နိုင်အောင်ကြိုးပမ်း



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပြည်တွင်း ပြည်ပ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ညီနောင်အသင်းများ၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

အဆိုပါ အသင်းသားစုံညီအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်အစိုးရအနေနှင့် တိုင်းပြည်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာစေရေးကို အဓိကရည်မှန်းချက်ထားရှိပြီး စီးပွားရေးဦးတည်ချက်များချမှတ်ကာ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ပိုင်းက ဦးတည်ချက်များ၊ ရည်မှန်းချက်များချမှတ်ပြီး အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာအောင် တည်ဆောက်ပေးလျက်ရှိရာတွင် အဓိကအခန်းကဏ္ဍက ပါဝင်နေသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို ကျစ်လျစ်ခိုင်မာသော စီးပွားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးက ဦးဆောင်ကာ နိုင်ငံတော်နှင့်အတူ တက်ကြွစွာပါဝင် ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်စီးပွားရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအားရ ကျေနပ်ဖွယ်ဖြစ်ကြောင်း။

## ပူးပေါင်းပါဝင်ဆောင်ရွက်

ယနေ့နိုင်ငံတကာ စီးပွားရေးအခြေအနေကို ကြည့်မည်ဆိုလျှင် ပြိုင်ဆိုင်မှုများ ပိုမိုအားကောင်းလာသည့်အတွက် ယခုကဲ့သို့ ယှဉ်ပြိုင် ပြိုင်ဆိုင်မှုများ စိန်ခေါ်မှုများကို ကျော်လွှားနိုင်စေရန် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအချင်းချင်း အနေဖြင့်သော်လည်းကောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လာနေကြသည်ကို တွေ့နိုင်ပါကြောင်း၊ နိုင်ငံအတွင်း ခိုင်မာသောစီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းနေအောင်၊ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ခိုင်မြဲနေအောင် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအားလုံးကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတို ငါးနှစ်စီမံကိန်းများ ချမှတ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လက်ရှိစတုတ္ထကာလတို ငါးနှစ်စီမံကိန်းသည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်အထိဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်း တစ်နှစ်ပျမ်းမျှ ၁၂ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားကြောင်း။

ထုတ်လုပ်မှု ကဏ္ဍတွင် အဓိကအနေဖြင့် လယ်ယာ၊ သားငါး၊ စက်မှုလက်မှု ကဏ္ဍတို့၌ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍ၌ အဓိကအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် တိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

## တိုးတက်မှုရရှိ

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၈ခုနှစ် မေလတွင် တစ်ခါမျှမကြုံဖူးသော သဘာဝဘေးဒဏ်ဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခံခဲ့ရပါကြောင်း၊ ထို့အပြင် ၂၀၀၈ခုနှစ် အောက်တိုဘာလမှစပြီး ကမ္ဘာနှင့်အဝန်း ရင်ဆိုင်ခဲ့ရသော စီးပွားရေးအကျပ်အတည်းကိုလည်း အထိုက်အလျောက် တွေ့ကြုံရင်ဆိုင်ခဲ့ရပါကြောင်း၊ မိမိတို့၏ပို့ကုန်အပေါ် ဝယ်လိုအား ကျဆင်းလာသည့်အတွက် ပို့ကုန်ပမာဏ လျော့နည်းလာသကဲ့သို့ ပို့ကုန်ဈေးနှုန်းကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံအတွင်း ငွေကြေးလဲလှယ်မှု နှုန်းထားများ အပြောင်းအလဲဖြစ်လာပြီး မတည်မငြိမ် ဖြစ်ခဲ့ရမှုများ တွေ့ကြုံခဲ့ရပါကြောင်း၊ ယခုကဲ့သို့ အခက်အခဲအဟန့်အတားများရှိခဲ့သော်လည်း နိုင်ငံတော်၏ ကုန်သွယ်မှုကို ပြန်လည်သုံးသပ်ကြည့်လိုက်လျှင် တိုးတက်မှုရရှိနေသည်ကို တွေ့ရကြောင်း။

ယင်းသို့ ကုန်သွယ်မှု တိုးတက်လာရခြင်းသည် နိုင်ငံတော်၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ စက်မှုလုပ်ငန်းရှင်များပါ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်း၏ ရလဒ်ကောင်းဖြစ်ကြောင်း။

နိုင်ငံတော်ပိုင်းအနေဖြင့် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြားတွင် မိမိတို့ကုန်သည်များ လုပ်သာကိုင်သာရှိအောင် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများကိုလည်း ရှင်းလင်းလွယ်ကူလျင်မြန်ချောမွေ့အောင် လုပ်နည်းစနစ်ဖြေလျော့မှုများ ဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် လုပ်ငန်းကိစ္စအားလုံး၌ မြန်ဆန်ချောမွေ့အောင် ဆောင်ရွက်ပေးခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်များ ဆောလျင်စွာရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ကိုလည်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

## အားပေးကူညီ

ကုန်သွယ်မှုပြုရာ၌ သမားရိုးကျ ပင်လယ်ရေကြောင်း ကုန်သွယ်မှုအပြင် နယ်စပ် ကုန်သွယ်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်စေရန်အတွက် နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး ဖြေလျော့မှုများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပသို့တင်ပို့ရာတွင် ပြည်ပဝယ်လိုအား ကျဆင်းမှုကြောင့် မိမိတို့တင်ပို့ရမည့် ကုန်ပစ္စည်းများတင်ပို့ရာ၌ ထိခိုက်နစ်နာမှုများ မရှိစေရန် အပိုင်းလိုက်ခွဲခြားတင်ပို့နိုင်ရေး (Partial Export)ကိုလည်း အားပေးကူညီခဲ့ကြောင်း။

ပြည်ပတင်ပို့မှုအရေးပါသကဲ့သို့ ပြည်တွင်းရောင်းဝယ်မှု ပုံစံကိုလည်း စနစ်တကျရှိစေရေးအတွက် နိုင်ငံအတွင်းရှိ ကုန်စည်ဒိုင်များကို သင်းဖွဲ့စည်းမျဉ်းများ စနစ်တကျရေးဆွဲပြီး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရောင်းအဝယ်မှန်ဖြစ်အောင် ပညာပေး မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိကြောင်း။

နိုင်ငံ၏ လယ်ယာထွက်ကုန် ပို့ကုန်ပစ္စည်းများထဲတွင် အရေးပါသော ဆန်ပြည်ပတင်ပို့မှုကိုလည်း ပုဂ္ဂလိကပိုင်းက ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်အောင် လိုအပ်သကဲ့သို့ ထိန်းကျောင်းအားပေးဆောင်ရွက်ခဲ့ရုံသာမက ဈေးကွက်များ ပိုမိုရရှိအောင် ပြည်ပရှိ မြန်မာသံရုံးများနှင့်ချိတ်ဆက် ညှိနှိုင်းဈေးကွက်ရှာခြင်း၊ ယခင်က မြန်မာ့ဆန် ဝယ်ယူခဲ့ဖူးသည့် ပြည်ပကုမ္ပဏီများသို့ ချိတ်ဆက်ကမ်းလှမ်းပေးခြင်းတို့ကိုသာမက နယ်စပ်မှတစ်ဆင့် အိမ်နီးချင်း နိုင်ငံများသို့ ဆန်တင်ပို့မှုကိုလည်း ခွင့်ပြုဆောင်ရွက်ပေးခဲ့ကြောင်း။

## ဈေးကွက်ရှာဖွေ

နိုင်ငံတော်အပိုင်းက ကုန်သွယ်မှုနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို တစိုက်မတ်မတ် အစီအစဉ်တကျ ဆောင်ရွက်ပေးလျက်ရှိရာတွင် ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်ကြီးများကလည်း မြန်မာနိုင်ငံ၏ ပို့ကုန်ပစ္စည်းများအရေအတွက် ပိုမိုတင်ပို့နိုင်ရေး၊ စားသုံးသူဈေးကွက် (End User) ထံသို့အရောက် တင်ပို့နိုင်ရေးအတွက် မိမိတို့၏ပို့ကုန်များကို ပြည်တွင်းသို့ လာရောက်ဝယ်ယူသည့် ပြည်ပကုမ္ပဏီများထံ ချိတ်ဆက်ရောင်းချရုံဖြင့် ကျေနပ်မနေဘဲ အသင်းချုပ်ကြီး၏ ဦးဆောင်မှုဖြင့် အလားအလာရှိသော ပြည်ပဈေးကွက်များသို့ ဈေးကွက်ရှာဖွေရေးအဖွဲ့များကို ပို့ကုန်ပစ္စည်းအလိုက် စုဖွဲ့စေလွှတ် ဈေးကွက်ရှာဖွေခြင်းဖြင့် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများတွင် အားကြိုးမာန်တက် ပါဝင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှု ဒေသအလိုက်ပုံမှန်လည်ပတ်မှသာ ပြည်ပသို့ချောမွေ့စွာ ဆက်လက်တင်ပို့နိုင်မည်ဖြစ်သည့်အတွက် ဒေသအသီးသီးမှ စိုက်ပျိုးထုတ်လုပ်သူများ၊ ဒေသခံကုန်သည်လုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်ကြီးများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သော အစီအစဉ်တစ်ရပ်လည်း လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ တောင်သူလယ်သမားများက မိမိတို့အစီအစဉ်ဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများကိုသာ ဈေးကွက်အတွင်းက ဝယ်ယူပြီး ပြည်ပသို့တင်ပို့နေသော အခြေအနေမှ အရည်အသွေးကောင်း သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကာ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန်အတွက် ဦးဆောင်ကုမ္ပဏီ၊ အဖွဲ့ဝင်ကုမ္ပဏီ၊ ဒေသခံကုန်သည်လုပ်ငန်းရှင်များ ပူးပေါင်းကာ အရည်အသွေးကောင်း သီးနှံထုတ်လုပ်နိုင်ရန် တောင်သူလယ်သမားများကို ငွေကြေးအရင်းအနှီး သွင်းအားစု ပံ့ပိုးပေးကာ စိုက်ပျိုးထုတ်လုပ်တင်ပို့မည့် အစီအစဉ်ကိုလည်း ဆောင်ရွက်နေပြီဖြစ်သဖြင့် မကြာမီကာလတွင် နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးမြင့်သီးနှံများ၊ တန်ဖိုးမြှင့် ထုတ်ကုန်များတင်ပို့နိုင်တော့မည်ဖြစ်ပါကြောင်း၊ ယင်းအစီအစဉ်သည် နိုင်ငံသားအားလုံး အကျိုးဖြစ်ထွန်းစေမည့် အစီအစဉ်ကောင်းတစ်ရပ်ဖြစ်သည့်အတွက် ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

## တိုးမြှင့်ထုတ်လုပ်

သီးနှံများစိုက်ပျိုးထုတ်လုပ်ဈေးကွက်ချဲ့ထွင်ရာမှာ နိုင်ငံတကာဈေးကွက်၌ သဘာဝနည်းစိုက်ပျိုးထုတ်လုပ်သော Organic ကောက်ပဲသီးနှံများသည် ဈေးနှုန်းမြင့်မားစွာရရှိနေပြီး စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း တောင်သူလယ်သမားကို အလွယ်တကူပညာပေး ဆောင်ရွက်စိုက်ပျိုးထုတ်လုပ်နိုင်သည့်အတွက် မြန်မာ့ Organic ကောက်ပဲသီးနှံများ တိုးမြှင့်ထုတ်လုပ်ဈေးကွက်ချဲ့ထွင် တင်ပို့နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)



မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေအများစုသည် မူလကတည်းက Organic သဘာဝရှိပြီးဖြစ်သည့်အတွက် Organic သီးနှံထုတ်လုပ်ရန် အခြေအနေကောင်းရှိပြီးဖြစ်သဖြင့် Organic သီးနှံများကို နိုင်ငံတကာဈေးကွက်က လက်ခံနိုင်မည့် စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသွားနိုင်ရေး ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

အထူးပြုပြောကြားလိုသည်မှာ လယ်ယာထွက်ကုန်များ ပြည်ပသို့တင်ပို့ရာတွင် ပဲမျိုးစုံကိုသာမကဘဲ ဆန်နှင့်ချည်မျှင်ရှည်ဝါတို့ကိုပါ အဓိကပို့ကုန်များအဖြစ်တင်ပို့ရောင်းချနိုင်အောင် ကြိုးပမ်းသွားကြရန်လိုအပ်ပါကြောင်း၊အလားတူ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူကိုလည်း အဓိကပို့ကုန်အဖြစ် တင်ပို့နိုင်အောင် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ နိုင်ငံတော်၏ စားနပ်ရိက္ခာပိုလျှံမှု၊ စားသောက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မှုဆိုသည့် အခြေခံအုတ်မြစ်ကို ပိုမိုခိုင်မာအောင် တည်ဆောက်ရာတွင် လယ်ယာထွက်ကုန်များသည် နိုင်ငံတော်၏ပို့ကုန်အပိုင်းတွင် အဓိကအရေးပါသောကဏ္ဍက ပါဝင်နေသည့်အတွက် အရည်အသွေးအရရော၊ အရေအတွက်အရပါ တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင်-

(က) အရည်အသွေးကောင်း စပါးမျိုးများ၊ ပဲမျိုးစုံနှင့်အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း။

(ခ) ဈေးကွက်ဝင်အရည်အသွေးကောင်း သီးနှံမျိုးစေ့များတိုးချဲ့ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်မည့် မျိုးစေ့ကုမ္ပဏီများပေါ်ထွန်းလာရေး အသိပညာပေး ဆောင်ရွက်စေခြင်း။

(ဂ) တန်းမြင့်ဆန်ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဆန်စက်သစ်များထူထောင်ရေး၊ လက်ရှိဆန်စက်များ၏ ကြိတ်ခွဲအားနှင့် ကြိတ်ခွဲမှုအဆင့်အတန်း မြင့်မားလာစေရေးဆောင်ရွက်ခြင်း။

(ဃ) ပဲမျိုးစုံနှင့် အခြားသီးနှံများ တန်ဖိုးမြင့်ထုတ်လုပ်တင်ပို့ခြင်း။

(င) ကောက်ပဲသီးနှံများနှင့်ပတ်သက်၍ စိုက်ပျိုးနည်းပညာများနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ လယ်သမားများထံ ထိရောက်စွာ ပညာပေးဖြန့်ဖြူးဆောင်ရွက်ခြင်းတို့ကို ဟန်ချက်ညီ ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

## အားပေးကူညီ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဆိုင်ရာအခြေခံအဆောက်အအုံများ အစဉ်တစိုက်တိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ပုဂ္ဂလိကတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်မှုကိုလည်း မြှင့်တင်အားပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ အချက်အချာဒေသများတွင် စက်မှုဇုန်များ ထူထောင်ပေးနေသကဲ့သို့ နိုင်ငံပိုင်စက်ရုံများ၊ အလုပ်ရုံများကိုလည်း ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်း လုပ်ကိုင်ခွင့်ပေးပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်လည်း အားပေးကူညီလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ASEAN, BIMSTEC, GMS, ACMECS စသည့် နိုင်ငံတကာအဖွဲ့အစည်းများ တက်ကြွစွာ ပါဝင်လျက်ရှိပြီး ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ၌ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသကို ၂၀၁၅ ခုနှစ်တွင်စတင်ပါဝင်ရမည်ဖြစ်သည့်အတွက်စက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ထိုအချိန်တွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်အောင် ယခုကပင် စတင်၍ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်သော ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းအားကိုမြှင့်တင်ကြရန်လိုအပ်ပါကြောင်း၊ မိမိတို့၏ ပို့ကုန်များ နိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေးနှင့်ကိုက်ညီအောင်၊ ဈေးကွက်ရရှိအောင်၊ ဈေးကွက်အသစ်များချဲ့ထွင်နိုင်အောင်၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်အောင်၊ အရည်အသွေးမြင့်မားသည့် ဈေးကွက်ဝင်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်အောင်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

## တိုးတက်တင်သွင်း

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းဖြစ်ပေါ်နေသောကာလတွင် သွင်းကုန်အပိုင်း၌လည်း နိုင်ငံနှင့်ပြည်သူအကျိုး နစ်နာစေပြီး အရည်အသွေး မပြည့်မီသည့် ဘေးအန္တရာယ်ရှိစေသော ကုန်ပစ္စည်းများတင်သွင်းမှုကို ရှောင်ရှားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံအတွင်း စက်မှုလုပ်ငန်းများတိုးတက်ထွန်းကားရေးအတွက် သွင်းကုန်အစားထိုး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း လိုအပ်သည့် နည်းပညာအဆင့်မြင့် ကုန်ပစ္စည်းများကိုတိုးတက်တင်သွင်းကြရန်လည်း မှာကြားလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတော်၏ နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်နေမှု အစီအစဉ်များကို မိမိအသင်းဝင်များသိရှိပြီး လိုက်ဖက်စွာ ပူးပေါင်းပါဝင်နိုင်စေရအောင်၊ မိမိအသင်းဝင်များကို နိုင်ငံတကာ စီးပွားကုန်သွယ်မှု ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များ၊ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အမြဲမပြတ် သိရှိနေစေရအောင် ဆက်လက်ပြီး အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

အသင်းချုပ်ကြီးသည် ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက် အသင်းပေါင်း ၂၉သင်း၊ ပြည်နယ်နှင့်တိုင်းအဆင့် အသင်းပေါင်း ၁၆သင်း၊ နယ်စပ်ကုန်သည်များအသင်း ကိုးသင်း၊ စုစုပေါင်း ၅၄သင်းကို မိမိ၏ ညီနောင်အသင်းများအဖြစ် စုစည်းတည်ဆောက်ထားနိုင်ပြီး အသင်းဝင်အင်အား စုစုပေါင်း ၁၈၃၃၃ ဦးရှိနေပြီဖြစ်သည့်အတွက် အင်အားတောင့်တင်းသော အသင်းချုပ်အဖြစ် ရပ်တည်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဆက်လက်ပြီး မိမိ၏အသင်းဝင်စီးပွားရေးလုပ်ငန်းရှင်များကို ခေတ်နှင့်လျော်ညီစွာ နည်းပညာသစ်များနှင့် ကျွမ်းကျင်မှုအသစ်များရရှိအောင် စီးပွားရေးစီမံခန့်ခွဲမှုစွမ်းရည် တိုးတက်မြင့်မားအောင်၊ တီထွင်ဆန်းသစ်အောင် ဆောင်ရွက်ရင်းဖြင့် နိုင်ငံတကာစီးပွားရေးပုံစံပြောင်းလဲမှုများတွင် ယှဉ်တွဲလိုက်ပါနိုင်သော အရည်အသွေးနှင့်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကိုမြှင့်တင်နိုင်ဖို့ တည်ဆောက်သွားရန် တိုက်တွန်းလိုကြောင်း။

## ကာကွယ်စောင့်ရှောက်

အထူးသဖြင့် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းဖြစ်ပေါ်နေသည့် ကာလတွင် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ထွန်းမှုများမှ ဖန်တီးလာသော စိန်ခေါ်မှုများ၊ နိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပိတ်ဆို့ဟန့်တား နှောင့်ယှက်မှုများကို ကျော်လွှားနိုင်စေရန် အမျိုးသားရေးစိတ်ဓာတ်နှင့် နိုင်ငံနှင့် လူမျိုး၏အကျိုးစီးပွား၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်နိုင်စေရန် ရေရှည်အစီအမံများချမှတ်ထားရန်လည်း လိုအပ်နေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူအများ မျှော်လင့်တောင့်တသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ ကူးပြောင်းတက်လှမ်းနိုင်မည့် လုပ်ငန်းစဉ်များကို အချိန်ကာလသတ်မှတ်ချက်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် နိုင်ငံ၏ အနာဂတ်အတွက် အရေးပါဆုံးအဆင့်ဟုဆိုရမည့် ရွေးကောက်ပွဲ ကျင်းပမည့်အဆင့်ကို ရောက်နေပြီဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပေါ်ပေါက်ရေး ချမှတ်ထားသည့် လမ်းပြမြေပုံကို တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့် အတူ စည်းလုံးညီညွတ်မှုအားဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးနှင့်အသင်းဝင်များအားလုံးအနေဖြင့်စုပေါင်းညီညွတ်စွာ ကျင့်ဝတ်နှင့်အညီ အမည်ကောင်းရှိသော စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်သွားကြရေး၊ နိုင်ငံ၏ စီးပွားရေးတိုးတက်မြင့်မားရန်အတွက် အမျိုးသားရေးအကျိုးကို လက်ကိုင်ပြုကာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ စီးပွားရေးစွမ်းဆောင်ရည်မြင့်မားသော အသင်းဝင်များ၏ ကျစ်လျစ်ခိုင်မာသည့် စည်းလုံးညီညွတ်မှုဖြင့် အသင်းချုပ်ကြီးကို နိုင်ငံတော်က အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေဟုဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပြည်တွင်းပြည်ပ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ညီနောင်အသင်းများ၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**

---

● *ရွှေဖုံးမှ*

ကွန်တိုစနစ်ဖြင့် စိုက်ပျိုးထားသော နှစ်နှစ်သားအရွယ် ရော်ဘာပင်ငယ်များကို မြင်တွေ့ရသည်။ ကွမ်းလုံမြို့နယ် ဖာဖိန်ကျေးရွာ အုပ်စုနှင့် ညိုချန် ကျေးရွာအုပ်စုတို့မှ တောင်ကတုံး ကွန်တိုစိုက်ခင်းများ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ ဘိန်းအစားထိုး သီးနှံအဖြစ် ရော်ဘာပင်များကို ကွမ်းလုံ မြို့နယ်အတွင်း ကျေးရွာအုပ်စု (၁၂)အုပ်စုမှ တောင်ပေါ်စိုက်ခင်း ဧက၇၀ စိုက်ပျိုးထားရာ ဖြစ်ထွန်း အောင်မြင်လျက်ရှိကြောင်း ပြည်နယ် မန်နေဂျာ ဦးဝင်းလှိုင်ဦးက ရှင်းပြသည်။



**"နွေစပါးကို တစ်ဧက တင်း ၂၅၀အထိ ထွက်ရှိနိုင်ရန် ကောက်စိုက်စက်ဖြင့် စိုက်ပြီး စံပြစိုက်ခင်းပြုလုပ်ထားပါတယ်"**

ဦးမြင့်ရွှေ
ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ ကွမ်းလုံမြို့။

### ကွမ်းလုံ ကြိုးတံတားကြီး

ရောက်ခဲ့ပါပြီ။ ကွမ်းလုံမြို့ လှပထည်ဝါ ခံ့ညား လှပသော မြို့ကျက်သရေဆောင် မြို့အဝင် ကွမ်းလုံကြိုးတံတားကြီး...။ သံလွင်မြစ်ကို ဖြတ်ကူး၍ တောင်ဘက်နှင့် မြောက်ဘက်ဆက်သွယ်တည်ဆောက်ထားသည်။ သိန်းနီ၊ ကွမ်းလုံ၊ ဟိုပန်၊ မိုင်းမောလမ်း မိုင်တိုင်အမှတ် ၅၁/၂ နှင့် ၅၁/၇ အကြားဖြစ်၏။ ယာဉ်သွားလမ်း အကျယ်မှာ ၁၉ ဒသမ ၆၈ ပေဖြစ်ပြီး လူသွားလမ်း နှစ်ဖက်ထားရှိကာတစ်ဖက်လျှင်လေးပေခွဲရှိ၏။ တန်ချိန် ၄၀ ခံနိုင်ဝန်အား ရှိသဖြင့် ၁၀ဘီး၊ ၁၂ဘီးကုန်တင်ကားကြီးများ ဖြတ်သန်းသွားလာနိုင်သည်။

### ပြုပြင်ထိန်းသိမ်း

ရန်ကုန်-မန္တလေး မြို့များမှသည်တစ်ဖက်နိုင်ငံနယ်စပ်ကြူကုတ် (ပန်ဆိုင်း)၊ မူဆယ်မြို့များအထိ ကုန်စည်စီးဆင်းမှု လွယ်ကူစေရေး



**ကွမ်းလုံမြို့နယ် ဖာဖိန်ကျေးရွာအုပ်စုမှ တောင်ကတုံးပေါ်တွင်ကွန်တိုစနစ်ဖြင့် စိုက်ပျိုးထားသော ဘိန်းအစားထိုး ရော်ဘာနှစ်နှစ်သား စိုက်ခင်းကို တွေ့ရစဉ်။** (မြန်မာ့အလင်း)

အတွက်အရေးပါလှသောပြည်ထောင်စုလမ်းမကြီး၏အဓိကပင်မကြိုးတံတားကြီး တစ်စင်းပင်ဖြစ်သည်။ တံတားကြီး၏ သံမဏိပေါင် ၂၄ချောင်းကို ကြိုးမကြီးမှ ထိန်းထားသည်။ ၁၉၆၅ ခုနှစ် ဒီဇင်ဘာ ၂၂ရက်က စတင်ဖွင့်လှစ်ပေးခဲ့သော်လည်းတပ်မတော်အစိုးရလက်ထက် ပြုပြင်ထိန်းသိမ်း မွမ်းမံခဲ့ခြင်းဖြစ်ရာ ယနေ့ထက်တိုင် သစ်လွင်တောက်ပ ထည်ဝါနေခြင်းပင်ဖြစ်သည်။

### စိုက်ပျိုးရေး

ကွမ်းလုံမြို့သည် ပင်လယ်ရေမျက်နှာပြင် အမြင့် ၁၄၇၃ပေတွင် တည်ရှိသဖြင့် အအေးဓာတ်ပိုကာ နေထိုင်ရသည်မှာ အဆင်ပြေလှ၏။ အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ တောင်ဘက်တွင် လားရှိုးမြို့၊ မြောက်ဘက်တွင် လောက်ကိုင်၊ အနောက်ဘက်တွင် သိန်းနီမြို့တို့ တည်ရှိသည်။

တစ်ချိန်တစ်ခါက ကွမ်းလုံမြို့၏ တောင်ပေါ်-မြေလွှတ်-မြေလပ်များတွင် ဘိန်းများစိုက်ပျိုးခဲ့ကြသည်။

ယခုအခါ ဘိန်းအစားထိုးသီးနှံများအဖြစ် ရော်ဘာ၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊မြေပဲ၊နှမ်း၊စားတော်ပဲနှင့်မိုးစပါး၊ နွေစပါးများ စိုက်ပျိုးနေကြပေပြီ။

ပြည်နယ် မန်နေဂျာ၏ဆက်သွယ်စီစဉ်ပေးမှုဖြင့် ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ရွှေတို့နှင့် တွေ့ဆုံခဲ့ရသည်။ ကွမ်းလုံမြို့နယ်တွင်ရပ်ကွက် ခြောက်ခု၊ကျေးရွာ အုပ်စု၂၅၊ ကျေးရွာပေါင်း ၁၆၈ရွာ၊အိမ်ခြေ ၇၀၀၀ကျော်ရှိကြောင်း သိရသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး အထူးအထွက်တိုး ဆင်းရွှေလီ မိုးစပါး၊ နွေစပါးများနှင့် အခြားသီးနှံပင်များ ဖြစ်ကြသည်။

### ဖြန့်ဝေပေးနေ

မိုးစပါးမှာ တစ်ဧက ၁၂၆ ဒသမ ၅၅တင်းထွက်ရှိပြီးနွေစပါးမှာ အထွက်တိုး၍ တစ်ဧက ၁၅၀ ဒသမ၆၆ တင်းထွက်ရှိပါကြောင်း၊ နွေစပါး အထွက်တိုးကြောင်း တောင်သူများသိရှိလာပြီး တိုးချဲ့စိုက်ပျိုးရန်စီစဉ်လျက်ရှိကြောင်း၊ နွေစပါးကို တစ်ဧကတင်း၂၅၀အထိ ထွက်ရှိနိုင်ရန် ကောက်စိုက်စက်ဖြင့် စံပြစိုက်ခင်းများ ပြုလုပ်စိုက်ပျိုးထားကြောင်း၊ မြို့လူထု သောက်သုံးရေအတွက် နေအိမ်အရောက်ဖြန့်ဝေပေးခြင်းကို ကိုယ့်အားကိုယ်ကိုး ရေပေးဝေရေးကော်မတီကဦးဆောင်ပြုလုပ်နေပါကြောင်း၊တောင်ပေါ်မှကျလာသော စိမ့်စမ်းရေများကို ရေစုကန်တွင် စုဆောင်းပြီး ပိုက်များဖြင့် သွယ်တန်းကာ နေအိမ်များအရောက် ပေးဝေနေကြောင်းဖြင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ရွှေက မြန်မာ့အလင်းသို့ရှင်းပြသည်။

### ရောင်းရေးဝယ်တာ

ဒေသခံပြည်သူများ၊ ဒေသထွက်ကုန်အချင်းချင်း ဖလှယ်ရောင်းဝယ်နိုင်ရေးနှင့် စားသုံးဝယ်ယူလိုသူများ ရောင်းရေးဝယ်တာ အဆင်ပြေချောမွေ့စေရေးအတွက် မြို့နှင့်ကျေးရွာတို့တွင် ဈေးခုနစ်ဈေးထားရှိကြောင်း၊ ငါးရက် တစ်ဈေးကို အလှည့်ကျဖွင့်ရန် မြို့နယ် စည်ပင်သာယာက စီစဉ်ပေးထားကြောင်း၊ ကွမ်းလုံမြို့မဈေး၊ ဟီလီကျေးရွာဈေး၊ နမ့်ဟူးကျေးရွာဈေး၊ကန်ယိန်းကျေးရွာဈေး၊နယ်ကျွမ်းကျေးရွာဈေး၊ ဝေါချို့ ကျေးရွာဈေး၊ ပန်ခမ်းကျေးရွာဈေးတို့ ဖြစ်ကြောင်း ထပ်မံပြောကြားသည်။



**တစ်ဧက ၁၅၀ဒသမ၆၆တင်း ထွက်ရှိသော ကွမ်းလုံမြို့နယ်ရှိ နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။** (မြန်မာ့အလင်း)

ယခင်က ပျဉ်ထောင်၊သွပ်မိုးဖြင့် ဆောက်လုပ်နေထိုင်ကြသော ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ယခုအခါ တိုက်တာအဆောက်အအုံများဖြင့်အစားထိုးပြောင်းလဲကာခံ့ညားထည်ဝါနေသကဲ့သို့ ဘိန်းအစားထိုး သီးနှံရော်ဘာနှင့်မိုးစပါး၊နွေစပါး၊ပဲ၊ ပြောင်းတို့ စိုက်ပျိုးခြင်းဖြင့်စီးပွားရေး တိုးတက်ခိုင်မာနေပြီဖြစ်၍ စိမ်းလန်းစိုပြည် သာယာလှပနေသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကွမ်းလုံမြို့သည် ယခင်ကနှင့်မတူ တစ်မူထူးခြားစွာ တိုးတက်ပြောင်းလဲလာနေပြီဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် လေ့လာရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**ယခင်က ပျဉ်ထောင်သွပ်မိုးနေအိမ်များမှ ယခုအခါတိုက်တာအဆောက်အအုံများ အဖြစ်ပြောင်းလဲ တိုးတက်နေသော ကွမ်းလုံမြို့ ပြည်ထောင်စုလမ်းမကြီး၏မြင်ကွင်း။**
(မြန်မာ့အလင်း)

# မလှိုင်မြေ သာစခန်းဆီက.... လရထားစီးလို့ ပြန်ခဲ့တယ်

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့မှာ ကျွန်မတို့အဖွဲ့ဟာ မလှိုင်မြို့ကို သွားရောက်ခဲ့ကြပါတယ်။ အညာနွေက အပူရှိန် ပြင်းလွန်းလှပေမယ့် လမ်းခရီး တစ်လျှောက်မှာ အေးမြတဲ့ကုက္ကိုပင်ကြီးတွေ၊ တမာပင်ကြီးတွေက အရိပ်ဝေဖြာနေသလို တစ်မျှော်တစ်ခေါ်ရှုမဆုံးတဲ့ လယ်ကွင်းပြင်တွေ၊ ထနောင်းပင်ပျို တွေကို ဖြတ်ကျော်လာခဲ့တဲ့ အခါမှာတော့

**“ရတုသစ်သစ်…သရစ်ပေါ်ပေါ်**

**သာပျော်ရွှန်းရွှန်း…ကိန်းခန်းသင့်မော**

**ရွက်ရင့်လျော၍…ရွက်ကြောနုလှန်**

**ရွက်သစ်ပြန်တည့်…”** ဆိုတဲ့ စာသားလေးကို သတိရလိုက်မိပါတယ်။

ဥသြငှက်ရဲ့တေးဆိုသံကလည်း ဆွတ်ပျံ့လွမ်းမောဖွယ်ရာ နွေသရုပ်ကို ပီပြင်စေသလို မွှေးပျံ့ထုံအီနေတဲ့ တမာပန်းရနံ့ကို ရှူရှိုက်ရင်း အညာကိုချစ်တဲ့ ကျွန်မကတော့ မရိုးနိုင်တဲ့ မြင်ကွင်းတွေကို ငေးမောရင်းလိုက်ပါလာခဲ့ရပါတယ်။ တကယ်တော့ မလှိုင်မြို့ဟာ မိတ္ထီလာ၊ မြင်းခြံကားလမ်းပေါ်မှာရှိတဲ့ အညာမြို့လေး တစ်မြို့ဖြစ်ပြီး မိတ္ထီလာကနေ ၂၂ မိုင်အကွာ၊ မြင်းခြံနဲ့ ၃၆ မိုင်အကွာမှာ ရှိပါတယ်။ မြောက်ဘက်မှာ နွားထိုးကြီးမြို့၊ အရှေ့ဘက်မှာ ဝမ်းတွင်းမြို့၊ တောင်ဘက်မှာ မိတ္ထီလာ၊ အနောက်ဘက်မှာဆိုရင် ကျောက်ပန်းတောင်း၊ တောင်သာတို့နဲ့ နယ်နိမိတ်ချင်း ထိစပ်လို့နေပါတယ်။ ဟိုးအရင်ကတော့ အပူပိုင်းဒေသ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေး အလေးပေး ဖော်ဆောင်ခဲ့ရာ ဇုန်နယ်မြေတစ်ခု ဖြစ်ခဲ့ပါတယ်။ တစ်ချိန်တုန်းက နေပူ၊ ဖုန်ထူ၊ ရေရှားလှတာအမှန်ပါပဲ။ ဒါပေမယ့် ခေတ်စနစ်တွေ တိုးတက်လာတာနဲ့ အမျှ မိုးကိုမမျှော်ဘဲ သဘာဝဥတုအရှိတရားတွေကို ပြုပြင်အသုံးချလာတဲ့ ရေအရင်းအမြစ်ရဲ့ စွမ်းဆောင်ချက် အခန်းကဏ္ဍတွေကြောင့်ပဲ အညာဒေသတွေမှာ မြစ်ရေတင်စိုက်ပျိုးတဲ့ နည်းစနစ်တွေနဲ့ လျှပ်စစ်မြစ်ရေတင်တွေ တိုးတက်ဖြစ်ထွန်းလာသလို ရေရရှိရေး စီမံချက်တွေက အညာဒေသရဲ့ အားမာန်တွေ ဖြစ်လာခဲ့ရပါပြီ။ တစ်ဆက်တည်းမှာပဲ ရေရှားလို့ဖြစ်တတ်တဲ့ ရောဂါတွေကို ကာကွယ်နိုင်ခဲ့ရင်း ကျန်းမာရေးကဏ္ဍကို တိုးတက်မြှင့်တင်နိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။

မလှိုင်မြို့ကို ရောက်တဲ့အခါမှာတော့ မျက်စိဝေဒနာရှင်တွေ စုဝေးရောက်ရှိနေတဲ့ ရှစ်မျက်နှာကျောင်းဝင်းအတွင်းမှာ လူအုပ်ကြီးက ကြိုဆိုနေခဲ့ပါတယ်။ မလှိုင်မြို့နယ်အတွင်းက ကျေးရွာ၊ ရပ်ကွက်တွေအပြင် ပျော်ဘွယ်၊ မိတ္ထီလာ၊ တောင်သာ၊ နွားထိုးကြီးမြို့နယ်တွေကပါ လာရောက်ပြသကြတာမို့ ကျောင်းဝင်းတစ်ခုလုံး ခြေချစရာနေရာမရှိအောင် လူအုပ်ကြီးနဲ့ပြည့်နှက်လို့ နေပါတယ်။ ကြိုတင်ရောက်ရှိနေတဲ့ မျက်စိဆရာဝန်တွေက ကြည့်ရှုစစ်ဆေးထားတာမို့ အဲဒီနေ့အတွက် ခွဲစိတ်ဖို့ အတွင်းတိမ်လူနာ ၁၀၀ကျော် အဆင်သင့်ဖြစ်နေပြီဖြစ်ပါတယ်။ လူနာမှတ်ပုံတင်ဌာနမှာလည်း စနစ်တကျစီတန်းစာရင်းပေးနေကြသလို အမြင်အားစစ်ဆေးတဲ့နေရာ၊ မျက်စိဆရာဝန်တွေက စမ်းသပ်စစ်ဆေးကြည့်ရှုတဲ့နေရာ၊ ခွဲစိတ်ဖို့ရွေးချယ်တဲ့လူနာတွေကို သီးသန့်စာရင်းယူတဲ့နေရာ၊ ALCON ကုမ္ပဏီက ကိုတင်ထွန်းဝင်းနဲ့ ကိုသန်းထိုက်တို့ရဲ့ မျက်တွင်းမှန်ပါဝါ တိုင်းတာတဲ့နေရာ၊ ခွဲစိတ်မယ့်သူတွေကို ဆီးချို၊ သွေးတိုး စစ်ဆေးတဲ့နေရာ စသဖြင့် လူနာတွေကို နေရာမှန်ရောက်ဖို့ NGO အဖွဲ့ဝင်တွေနဲ့အတူ မလှိုင်မြို့ရဲ့ ဗလငါးတန်အဖွဲ့သားတွေ၊ မြို့မိမြို့ဖတွေအားလုံးဟာ ပျော်တပြုံးပြုံးနဲ့ တက်ကြွရွှင်လန်းစွာ လှုပ်ရှားနေကြပါတယ်။

ခွဲစိတ်ခန်းထဲမှာလည်း အဲယားကွန်းတွေက အေးမြချမ်းစိမ့်နေအောင် ကောင်းတော့ ဆရာဝန်၊ ဆရာမတွေအားလုံး မပင်မပန်းခွဲစိတ်နိုင်ခဲ့ကြတယ်။ ပါမောက္ခဒေါက်တာ ဦးတင်ဝင်းဦးဆောင်ပြီး ခုတင် ၁၀လုံး၊ လူနာ ၁၀ဦး တစ်ပြိုင်တည်းခွဲနေလိုက်ကြတာ တက်ညီလက်ညီနဲ့ တကယ်အားရစရာကြီးပါပဲ။ ရောက်တာနဲ့ ပစ္စည်းတွေပြင်ဆင်၊ လူနာတွေစီစဉ်နဲ့ ညနေ ၃နာရီမှ ခွဲခန်းဝင်ကြရပေမယ့် (၂၇၊ ၂၈)နှစ်ရက် ဆက်တိုက်ခွဲလိုက်ကြတာ စုစုပေါင်း အတွင်းတိမ် ၄၇၃ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ကြတာကတော့ ကျွန်မတို့အားလုံးရဲ့ စုပေါင်းအားတွေကြောင့်ပဲ ဖြစ်ပါတယ်။ စစ်တွေ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ၊ မြောက်ဦး၊ မင်းပြားစတဲ့ ရခိုင်ခရီးစဉ်တွေ၊ ရေနံချောင်း၊ ပခုက္ကူ၊ တောင်သာ၊ မန္တလေးစတဲ့ အညာခရီးတွေ၊ ကွမ်းခြံကုန်း၊ ဖျာပုံစသဖြင့် နေရာပေါင်းများစွာမှာ လူပေါင်းများစွာ အုတ်အော်သောင်းတင်း ကြည့်ရှုလာခဲ့ရတဲ့ အတွေ့အကြုံတွေက အများသားမို့ နေရာတိုင်းမှာတွေ့ရတဲ့ အခက်အခဲလေးတွေကို မှတ်သား၊ ကောင်းကွက်လေးတွေကို စံနမူနာထားပြီး ကောင်းသထက်ကောင်း၊ ထိရောက်သထက် ထိရောက်အောင် စီစဉ်နိုင်ခဲ့ကြတာတွေကပဲ ရလဒ်ကောင်းတွေ ဖြစ်ခဲ့ရပါတယ်။

အမှန်တော့ ဒီခရီးစဉ်ဟာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းရဲ့ စီစဉ်မှု၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးရဲ့ ပံ့ပိုးကူညီမှုတွေနဲ့အတူ လိုအပ်တဲ့ဆေးဝါးပစ္စည်းတွေနဲ့ ကုန်ကျစရိတ်အဝဝကို အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနဲ့ ပြုပြင်ထိန်းသိမ်းရေးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်-ဒေါ်ခင်ဝင်းကြည်မိသားစုနဲ့ Mother Trading Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်တို့က လှူဒါန်းခဲ့ကြတာ ဖြစ်ပါတယ်။ ဆရာဝန်နဲ့ လူနာအကြား၊ လူနာနဲ့ NGO အဖွဲ့ဝင်တွေအကြား အဆင်ပြေစေဖို့အတွက်ငွေလှူရုံသက်သက်မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျလိုက်ပါပြီး လုပ်အားပါလှူနေတဲ့ အလှူရှင်တွေရဲ့ လှိုက်လှဲတဲ့စေတနာမေတ္တာတွေကလည်း လေးစားဖွယ်ရာပါပဲ။ ဒီခရီးစဉ်မှာတော့ ခွဲသင့်လျက်နဲ့ ပြန်လွှတ်လိုက်ရတာမရှိပါဘူး။ မိတ္ထီလာနဲ့မလှိုင် သိပ်နီးနေတော့ လာသာလာခဲ့ရတယ် လူနာမှရှိပါ့မလားရယ်လို့ စိတ်ထင့်နေခဲ့သေးတယ်။ လက်တွေ့မှာတော့ လူနာပေါင်း ၃၆၅ဦးကို ကြည့်ပေးနိုင်ခဲ့လို့ ကျေနပ်ခဲ့ရပါတယ်။ ဖျင်တဘက်စကြီးတွေ ခေါင်းပေါင်းပြီး ဇရာရဲ့ အရေးအကြောင်း၊ မျက်နှာထက်က မှုန်သီရီဝေတဲ့ မျက်လုံးလေးတွေရဲ့ အားကိုးအကြည့်တွေနဲ့ အညာသူ အညာသား အမေအို၊ အဘအိုတွေရဲ့ ပုံစံတွေက အားလုံး တစ်ပုံစံတည်းလို မြင်မိတယ်။ လာပြတဲ့သူတွေထဲမှာ အသက် ၇၀ကျော်၊ ၈၀ကျော်တွေအတော်များသလို မြင်နိုင်သလောက်လေးနဲ့ပဲ လုပ်ကိုင်သွားလာရင်း နေသားကျနေပုံပါပဲ။ အတွင်းတိမ်က ရင့်နေတော့ မကြာခင် ရေတိမ်ပါဝင်လာပြီး မျက်စိကွယ်နိုင်တာမို့ ခွဲကိုခွဲရမယ်လို့ ဘယ်လိုပဲ အာပေါက် အောင်ပြောပြော ‘အသက်ကြီးပါပြီ သမီးရယ်၊ စားဆေးလေး မျက်မှန်လေးသာ ပေးလိုက်ပါကွယ်’ လို့ ခေါင်းမာစွာပြောနေတဲ့ အမေကြီးတွေလည်း ရှိနေသေးတယ်။ ဒီကြားထဲမှာ အရင်တစ်ချိန်က အကြောင်းအမျိုးမျိုးကြောင့် တိမ်ခွဲပြီး မှန်ထည့်မထားတဲ့ အမေကြီးတစ်ယောက်ကိုတွေ့တော့ စမ်းသပ်စစ်ဆေးပြီး ‘ပြန်ခွဲရမယ် အဘွားရေ၊ မှန်ပြန်ထည့်ပေးမယ်၊ ဒါမှ ရာနှုန်းပြည့် ပြန်မြင်မှာ’ လို့ပြောလဲ လက်မခံဘူး၊ မျက်မှန်ပဲ တောင်းနေတော့တယ်။ အမှန်တကယ် အဲဒီအဘွား တပ်ရမယ့်မျက်မှန်ပါဝါက အပေါင်းတစ်ထောင် (+၁၀၀၀)ကျော်မို့ ကျွန်မတို့မှာ ပါမလာဘူးဆိုလဲ ပါတဲ့မျက်မှန်သာပေးခဲ့ပါလို့ တကျည်ကျည်တောင်း နေတာပါပဲ။ ဒါနဲ့ပဲ ‘ဒီလိုဆို မိတ္ထီလာက မျက်စိဆရာဝန်ဆီမှာ သေချာစမ်းသပ်ပြီးမှ မျက်မှန်လုပ်ပေတော့’ လို့ ပြောလိုက်တဲ့အခါ ‘အိုတော် သူနဲ့ ကျုပ်နဲ့မှ မရင်းနှီးတာပဲ’ လို့ပြန်ပြောရှာတယ်။ ခက်ပုံများ မျက်စိလေးပြဖို့အရေး မျက်စိဆရာဝန်နဲ့ ရင်းနှီးရဦးမယ်တဲ့၊ ဘယ်လောက်များ ရိုးသားကြသလဲဆိုရင် ဒီကြားထဲ ပေးလိုက်တဲ့ စာကြည့်မျက်မှန်လေး ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်ကိုသုတ်သုတ် ပြန်သွားတဲ့ အရီးလေးတစ်ယောက်ဟာလေ၊ အိမ်ကိုရောက်ပြီးမှ အမောတကော ပြန်လာပြီး ‘ရွှေရောင်ကိုင်းလေးနဲ့ လဲပေးလို့မရဘူးလား’ ဆိုတော့ ‘ရွှေရောင်ထဲမှာ အဲဒီ ပါဝါမရှိဘူး’ လို့ပြန်ပြောတဲ့အခါ ခပ်ထွေထွေနဲ့ရပ်နေပြီး ‘ဒါဆိုလဲ အိမ်က ကိုရင်က တောထဲသွားနေလို့ သူနဲ့ ကိုက်တဲ့မှန်လေး ပေးလိုက်ဦးတော်’ လဲဆိုရော အားလုံးဝိုင်းရယ်လိုက်ကြတာ အရီးလေးခမျာ လန့်တောင်သွားရှာတယ်။ ဒါကို အစ်မကြီး ဒေါက်တာခင်ဆန်းနွယ်ကြားသွားပြီး ‘ဒီပါဝါမျက်မှန်တွေက မစမ်းသပ်ဘဲ ရမ်းပေးလို့မရဘူး အရီးလေးရဲ့၊ အိမ်ကကိုရင်အတွက် ဒီနေ့က မျက်မှန်ယူသွား၊ နေပူထဲသွားတဲ့အခါ၊ လယ်ထဲယာထဲသွားတဲ့အခါ တပ်လို့ရတယ်’ ဆိုမှ ဝမ်းသာအားရပြန်သွားရှာတော့တယ်။

## ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

ဒီလိုပဲ ခွဲစိတ်ခန်းထဲမှာလည်း တစ်ယောက်တစ်မျိုးမရိုးရအောင် အသံစုံပဲမို့ ပျင်းရိငြီးငွေ့စရာကိုမရှိပါဘူး။ ပျော်ဘွယ်ကလာတဲ့ အဘကြီးဆိုရင် အသက်ကကြီး၊ လူက ဝ ခြေထောက်ကမသန်၊ ကိုယ်တစ်ခြမ်းလေဖြတ်ထားပြန်တော့ ခွဲစိတ်ခုတင်ပေါ်ရောက်ဖို့ မနည်းတွဲရတယ်။ မျက်စိကမမြင်တော့ ဘယ်မှ မသွားနိုင်မလာနိုင် ဒုက္ခိတဘဝနဲ့ ပြုစုစောင့်ရှောက်သူလည်းမရှိတော့ ဒီအတိုင်းထိုင်နေခဲ့ရတာ၊ တာဝန်ရှိသူတွေလာခေါ်လို့ ခွဲဖြစ်တာ၊ ရခဲတဲ့ အခွင့်အရေးမို့ ‘သိကြားမင်း ဆင်းကယ်သလိုပါပဲကွယ်’ လို့ မျက်ရည်လေး စမ်းစမ်းနဲ့တဖွဖွ ပြောနေရှာတယ်။ နောက်တစ်နေ့ အဲဒီဘကြီး မျက်စိလဲမြင်ရော ကျွန်မတို့ မျက်နှာကိုစေ့စေ့ကြည့်ပြီး ‘ဝမ်းသာလွန်းလို့ ယောက်ျားကြီးတန်မဲ့ ငိုချင်မိတယ်၊ အမေမွေးတဲ့မျက်စိမဟုတ်ပါဘူး၊ သမီးတို့ပေးတဲ့မျက်စိပါ’ လို့ တုန်ရီစွာပြောတော့ ကျွန်မစိတ်ထဲမှာ စာရေးဆရာကြီး သုဝဏ္ဏကျော်စိန်ရဲ့ ‘ဒုတိယအမေ’ ဆိုတဲ့ စကားတစ်ခွန်းကို ဖျတ်ခနဲ သတိရလိုက်မိတယ်။ ဆရာသုဝဏ္ဏရဲ့ မျက်စိနှစ်ဖက်စလုံးကို ခွဲပေးလဲပြီးရော စာတွေမရပ်မနားရေးတော့တာပဲ၊ သူငယ်စဉ်ဘဝက မျက်စိအမြင်မျိုးပြန်ရပြီ၊ စာတွေလည်းပြန်ရေးနိုင်ပြီဆိုတော့ ခွဲပေးတဲ့ဆရာဝန်ကို ‘ဒုတိယအမေ’ပါလို့ နှုတ်ကလည်းပြော၊ စာထဲလည်း ထည့်ရေးတော့ ကြားခါစက ရှက်သလိုလို ဖြစ်မိတယ်။ ကိုယ်ကခွဲပေးခဲ့တဲ့ ဆရာဝန်ဆိုပေမယ့် ကိုယ့်ထက်အသက်ကြီးတဲ့ စာရေးဆရာကြီးက ဒီလိုပြောတာကို မခံယူဝံ့ဘူး၊ ဒီလောက်လဲ မဟုတ်လှပါဘူးလို့တွေးပြီး သူများကြားမှာတောင် စိုးမိတယ်။ နောက်တော့ ရေနံချောင်း အုတ်ရှစ်ကုန်းဆရာတော်ကလည်း ဒီလိုပဲ ပြောပြန်တယ်။ ‘ဘဝသစ် အလင်းသစ်ကို ပြန်ရပြီမို့ အမေမွေးပေးတဲ့ မျက်စိ’ မျိုးပြန်ရလို့ ကျေးဇူးကြီးပါတယ်လို့ မိန့်တဲ့အခါ ကြက်သီးမြမြထလို့ မျက်ရည်တွေဝဲပြီး ခံစားလိုက်ရတဲ့ ပီတိတွေဆိုတာများ။

တကယ်တော့ ဒီကမ္ဘာမြေလောကကြီး ရှိနေသရွေ့ လူသားတွေရှိနေကြမှာပဲ။ လူသားတွေရှိနေသရွေ့ မျက်စိဝေဒနာတွေနဲ့ အတွင်းတိမ်ရောဂါတွေရှိနေမှာပါပဲ၊ ဒီတော့ ဒီလူသားတွေကို အလင်းပေးဖို့တာဝန်ဟာ ကျွန်မတို့ မျက်စိဆရာဝန်တွေရဲ့ သမိုင်းပေးတာဝန်တစ်ရပ်မို့ အခုရောနောင်ရော ကျွန်မတို့ အသက်ရှင်ကျန်းမာနေသရွေ့ ဒီတာဝန်ကို ကျေပွန်ကြရမှာပါပဲ။ ခုလဲကြည့်ပါဦး၊ ခွဲစိတ်ပြီးလူနာတွေကို ရှစ်မျက်နှာ ကျောင်းထဲမှာထားပြီး ဆရာတော်ရဲ့ အေးမြတဲ့ မေတ္တာရိပ်၊ တရားရိပ်အောက်မှာ အားလုံး ငြိမ်းချမ်းနေလိုက်ကြတာ။ ဒါ့ကြောင့် ‘မြင်မြင်သမျှ ဤလောကဝယ်…အလှတို့ဖြင့် ခြယ်သဖြင့်လည်း…မြင်ခွင့်ရှိမှ မြင်စွမ်းရာ၏’…ဆိုသလိုပဲ ပြည်သူတွေ အလင်းခာတ်ရအောင် လုပ်ပေးခဲ့ရတဲ့ ကုသိုလ်တွေက တင်စားတုနှိုင်းစရာတောင်မရှိတော့ပါဘူး။ အဲသည်နောက်မှာ ခွဲစိတ်ပြီးတဲ့သူတွေကို လိုက်နာနိုင်ဖို့ ရှောင်ရန်၊ ဆောင်ရန်တွေ သေချာရှင်းပြ၊ မျက်စဉ်းတွေသေချာခတ်ဖို့၊ သန့်သန့်ရှင်းရှင်းနေဖို့၊ ရေသေချာချိုးဖို့၊ တစ်ကိုယ်ရေသန့်ရှင်းဖို့ အထပ်ထပ်မှာရတယ်။ မိတ္ထီလာက ဆရာဝန်ကြီးဒေါက်တာဝင်းကိုရှိန်နဲ့ ဒေါက်တာကိုကိုသန်းတို့ကလည်း ကျွန်မတို့ ခွဲနေတဲ့ရက်တွေမှာ ရှိနေသလို ခွဲစိတ်တဲ့နေရာမှာလည်း ကူညီပေးခဲ့ကြတာမို့ လူနာတွေကို သေချာအပ်နှံခဲ့ရပါတယ်။ ဒေါက်တာဝင်းကိုရှိန်ကလည်း နောက်တစ်ပတ်မှာ ဒီနေရာကို ပြန်လာပြီး အားလုံးကို ကြည့်ရှုပေးဦးမယ်ဆိုတော့ ဝမ်းသာလိုက်ရတာ။ ဒီလိုနဲ့ပဲ မလှိုင်ခရီးစဉ်က အောင်မြင်မှု၊ ပျော်ရွှင်မှု၊ ဝမ်းမြောက်မှုတွေနဲ့ ပြီးမြောက်ခဲ့ရပါပြီ။ ၂၈ရက်နေ့ညမှာ အောင်ပွဲညလို့ ပြောလို့ရတဲ့ ဂုဏ်ပြုညစာစားပွဲ ကျင်းပပေးခဲ့ပါတယ်။ သန်းသန်းဆင့်နဲ့သမီးမြတ်ဆုနိုင် မင်္ဂလာဆိုင်းအဖွဲ့နဲ့ ညှော့ခံဖျော်ဖြေသလို ညှော့သည်ရော အိမ်ရှင်ပါ အပြန်အလှန် ဆိုကြ၊ ကကြနဲ့ လွတ်လပ်ပျော်ရွှင်ခဲ့ကြပါတယ်။ ဒေါက်တာအောင်မိုးထွန်းရဲ့ ‘အောင်ပါစေ’သီချင်း၊ မန္တလေးက ဦးသိန်းထွန်း (တွဲဖက်အတွင်းရေးမှူး)က ‘ကျေးရွာဝါဒနဲ့ ပြည်တော်ဝင်’သီချင်းကိုဆိုတော့ ကျွန်မလည်း ကွေးနေအောင် ထကမိသေးတယ်။ မြန်မာအမျိုးသမီးလေးတွေဖြစ်တဲ့ သန်းသန်းဆင့်တို့သားအမိရဲ့ ဆိုင်းလက်သံ၊ အဆိုအတီးတွေကို နားဆင်ရတဲ့အခါ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာ၊ မြန်မာ့အလှတွေနဲ့အတူ မြန်မာအမျိုးသမီးတွေရဲ့ အစွမ်းနဲ့အရည်အချင်းတွေကို အားရဂုဏ်ယူနေမိပြန်တယ်။

ဒီလိုနဲ့ ၂၉ရက်မနက်မှာ ပြန်ခဲ့ကြပါတယ်။ အပြန်လမ်းတစ်လျှောက်မှာ ရှိတဲ့ တန်ခိုးကြီးဘုရားတွေကို ဝင်ရောက်ဖူးမြော်ပြီး ပြုခဲ့တဲ့ကုသိုလ်တွေကို ဝေနေယျသတ္တဝါတွေအားလုံးအတွက် အမျှပေးဝေခဲ့ကြပါတယ်။ အပြန်လမ်းမှာတော့ ညီမငယ် နန်းအိရွှေစင်၊ နုနုရင်၊ နှင်းယုချစ်ဆိုင်တို့အဖွဲ့ကတော့ အညာသူ အညာသားတွေရဲ့ရိုးသားပုံ၊ အမေကြီးတွေစကားတတ်ပုံ၊ သူတို့တွေနဲ့ အပြန်အလှန် ပြောခဲ့ကြုံခဲ့ကြတာတွေကို ရယ်စရာဟာသတွေလုပ်ပြီး တစ်ယောက်တစ်ပေါက်လုပြောကြရင်း အူတက်မတတ်ရယ်နေလိုက်ကြတာ တအုန်းအုန်းနဲ့ပါပဲ။ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဘယ်နေရာကိုပဲသွားသွား အမှတ်ရစရာ၊ ပျော်ရွှင်စရာတွေနဲ့ဆိုတော့ ပင်ပန်းသမျှတွေဟာ လွင့်စဉ်ကွယ်ပျောက်သွားခဲ့ရပါတယ်။

မန္တလေးကနေ ရန်ကုန်ကို လေယာဉ်နဲ့ ပြန်လာခဲ့တဲ့အချိန် ဝေဟင်ထက်ကနေ မြေပြင်ကို ငုံ့ကြည့်ပြီး ဘေးမှထိုင်နေတဲ့ အစ်မဆွေဦးလွင်ကို စကားတွေပြောမိတယ်။ ကြည့်ပါဦး အစ်မရယ်၊ ကောင်းကင်ကြီးကတော့ တိမ်စိုင်တိမ်လိပ်တွေနဲ့ ရစ်ဖွဲ့လို့ ထာဝရလှနေတာပါပဲ။ ညရောက်ပြန်ရင်လည်း လူတိုင်းတမ်းတမျှော်လင့်ရတဲ့ လမင်းကြီးပေါ်လာဦးမယ်။ ဒီတော့ ကျွန်မလေ ‘နေမိဘုံခန်းပျို့’ကို သတိရလိုက်မိတယ်။ မာတလိကလေ နေမိမင်းကြီးကို ဝေဇယန္တာရထားနဲ့ တင်ဆောင်ပြီး သိကြားမင်းဆီကို ခေါ်ဆောင်သွားတယ်၊ ကောင်းကင်ခရီးမှာ မာတလိက ဘုံအဆောင်ဆောင်မှာ စံစားနေကြတဲ့ နတ်သား နတ်သမီးတွေကို မင်းကြီးကိုပြပြီး သူတို့ရဲ့ အတိတ်ကုသိုလ်ကောင်းမှုတွေကို ညွှန်းဆိုပြသတဲ့၊ ကောင်းမှုကံတွေရဲ့ အကျိုးကြောင့် ဗီရဏီနတ်သမီးရဲ့ ကြီးမားခံ့ညားလှတဲ့ နတ်ဗိမာန်ကြီးကို တွေ့ခဲ့ရတယ်တဲ့၊ ကောင်းကင်တစ်ခုလုံး နှံ့ကိုင်းသွားမတတ် ကြီးမားလှတဲ့ ဗိမာန်ကြီးကို မျက်စိထဲမြင်ယောင်လာမိရတယ်’ လို့ဆိုတော့ ‘စိတ်ကူးယဉ်လိုက်တာဟယ်’ လို့ ပြန်ပြောပေမယ့် သူ့မျက်လုံးတွေက ဟိုးအဝေးကိုငေးပြီး ပြုံးနေလေရဲ့။ အဟုတ်ကိုပါပဲ၊ ကျွန်မအတွေးထဲမှာတော့ တစ်သက်မမေ့စရာ ဒီခရီးကို ကိုယ်တိုင်လိုက်ပါပြီး ငွေအားရော၊ လုပ်အားရောလှူတဲ့ အလှူရှင်တွေအားလုံးကို မြင်ပါစေ လင်းပါစေဆိုတဲ့ မေတ္တာစေတနာတွေနဲ့ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေ၊ စီစဉ်သူတွေ အားလုံးကြောင့် ထက်ကောင်းကင်မှာ တိမ်မင်တွေ ဖုံးနေရာက ကင်းစင်လွင့်ပျောက်ခဲ့ရပြီး နေမင်း လမင်း သိန်းရာထောင်လင်းသလို ပြည်သူတွေရဲ့ဘဝ လမင်းသာစေနိုင်ခဲ့ရပြီ မဟုတ်လား။

ဒီတော့လည်း ကျွန်မရဲ့စိတ်ထဲမှာလေ ကောင်းကင်ခရီးကိုဖြတ်ပြီး ပျံသန်းလာတဲ့ လေယာဉ်ကြီးကို ကောင်းကင်ရထားကြီးလို့ မြင်ယောင်လာမိတယ်။ ဒီလိုဆိုပြန်တော့ မလှိုင်မြို့က ပြည်သူတွေရဲ့ စက္ခုအလင်းကို ဖန်ဆင်းပေးခဲ့တဲ့ အလင်းရှင်တွေ အလှူရှင်တွေ အားလုံးကတော့ ရွှေညာမြေသာစခန်းဆီက လရထားကြီးစီးလို့ ပျော်ပျော်ကြီး ပြန်ခဲ့ရပါပြီလို့သာ ဆိုလိုက်ချင်ပါတော့တယ်။ ။

**ငွေအားရော၊ လုပ်အားရောလှူတဲ့ အလှူရှင်တွေအားလုံးကို မြင်ပါစေ လင်းပါစေဆိုတဲ့ မေတ္တာစေတနာတွေနဲ့ ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေ၊ စီစဉ်သူတွေအားလုံးကြောင့် ထက်ကောင်းကင်မှာ တိမ်မင်တွေ ဖုံးနေရာက ကင်းစင်လွင့်ပျောက်ခဲ့ရပြီး နေမင်း လမင်း သိန်းရာထောင်လင်းသလို ပြည်သူတွေရဲ့ဘဝ လမင်းသာစေနိုင်ခဲ့ရ။**

1-4 (10).pmd 1 4/1/2009, 2:34 AM

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

**လှူဒါန်းနိုင်**

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (၁) | ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) | ၂၉၆၄ ချပ် ၁ ချပ် | ကျပ် ၁၆၂၀၀၀၀ နှုန်း |
| (၂) | ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) | ၄၂၀၈ ချပ် ၁ ချပ် | ကျပ် ၅၈၀၀၀၀ နှုန်း |

**ဆက်သွယ်နိုင်**

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

## သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး ဆွေးနွေး

ကျိုက်မရော မတ် ၃၁

ကျိုက်မရောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခွေဟသာ်ခန်းမတွင် မတ် ၁၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်အဆင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသူနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှဦးက ရောဂါဖြစ်ပွားမှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း အသိပညာပေး ဆွေးနွေးပြီး တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

# ၂၀၀၃-၂၀၀၄ရာသီ ကွင်းပိတ်ဖိုလ်လုပွဲမှ ရှုံးကြွေးပြန်ဆပ်ပြီး လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း နှစ်နှစ်ဆက်တိုက်ဖိုလ်စွဲ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၁

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ (မြန်မာလိဂ်အဆင့်မြင့်တန်း) ကွင်းပိတ် ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဖိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်း၌ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/ အခွန်အသင်းက စွမ်းအင်အသင်းကို နှစ်ဂိုး-ဂိုးမရှိနှင့် အနိုင်ရ ဖိုလ်စွဲသွားပါတယ်။

ဘဏ္ဍာ/အခွန်-နှစ်ဂိုး စွမ်းအင်-ဂိုးမရှိ

အဆင့်မြင့်တန်း (ယခင်ပထမတန်း)တစ်လျှောက် အစဉ်အလာကြီးမားခဲ့တဲ့ ဘဏ္ဍာ/အခွန်အသင်းကတော့ အောင်ပွဲနဲ့အတူ မြန်မာလိဂ်အဆင့်မြင့်တန်းကို ပိတ်သိမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရာသီပြီးရင် ပရီလိဂ်သို့ ကူးပြောင်းတော့မှာဖြစ်တဲ့အတွက် ရန်ကုန်မြို့မှာ အပျော်တမ်းစနစ်နဲ့ နောက်ဆုံးကျင်းပတဲ့ အဆင့်မြင့်တန်းပြိုင်ပွဲဖြစ်လို့ပဲ ဖြစ်ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ အမှတ်ပေးချန်ပီယံဆုကို လက်လွှတ်ခဲ့ရပြီး နောက်ပိုင်း ကွင်းပိတ်ချန်ပီယံဆုကို ဆက်လက် ထိန်းသိမ်းနိုင်ဖို့အတွက် အားထည့်ကစားနေတာကို ခြေစွမ်းနဲ့ ရလဒ်တွေကို ကြည့်ရင်သိနိုင်ပါတယ်။ ဒီနေ့ ဖိုလ်လုပွဲမှာလည်း ဘဏ္ဍာ/အခွန်အသင်းဟာ အကောင်းဆုံး ခြေစွမ်းပုံစံနဲ့ ကစားနိုင်ခဲ့လို့ အနိုင်ရခဲ့တယ်ဆိုရင် မမှားပါဘူး။

**ပြန်ဆပ်နိုင်**

ဘဏ္ဍာ/အခွန်အသင်းကတော့ ၂၀၀၃-၂၀၀၄ရာသီ ကွင်းပိတ်ပြိုင်ပွဲ ဖိုလ်လုပွဲတုန်းက စွမ်းအင်အသင်းကို အချိန်ပိုမှာ သွင်းခံရတဲ့ဂိုးဖြင့် နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတဲ့ ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၃-၂၀၀၄ရာသီကစပြီး ယခု ရာသီအထိ ကွင်းပိတ်ပြိုင်ပွဲ ဖိုလ်လုပွဲကို လေးကြိမ်မြောက်တက်ရောက်နိုင်ခဲ့တဲ့ စွမ်းအင်အသင်းကတော့ ၂၀၀၃-၂၀၀၄ ရာသီနဲ့ ၂၀၀၅-၂၀၀၆ရာသီတွေတုန်းကလို အောင်ပွဲခံနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ စွမ်းအင်အသင်းဟာ ယခုပွဲမှာ စီးပွား/ ကူးသန်းကို အနိုင်ရခဲ့တဲ့ အကြိုဖိုလ်လုပွဲကလို ခြေစွမ်းမျိုးမတွေ့ရဘဲ အမှားများခဲ့သလို ဂိုးသွင်းလည်း မသေချာခဲ့ပါဘူး။

**လူစုံထုတ်**

ဘဏ္ဍာ/အခွန်အသင်းဟာ စိုးမြတ်မင်း၊ ရန်ပိုင်၊ ထွန်းထွန်းဝင်း၊ လွင်ဦးတို့နဲ့ လူစုံထုတ်ပြီး စွမ်းအင်ကို ရင်ဆိုင်ခဲ့ပါတယ်။ စွမ်းအင်မှာ အမာခံကစားသမားတွေပါပေမယ့် ဘောလုံးအပျက်များတာကြောင့် ဘဏ္ဍာ/အခွန်တို့ ပိုဖိနိုင်ခဲ့ပါတယ်။ မိနစ်၃၀ ဝန်းကျင်မှာ ဘဏ္ဍာ/အခွန်အသင်း ပယ်နယ်တီကန်ခွင့်ရသွားပြီး စွမ်းအင်အသင်းက သွင်းယူတဲ့ဂိုး လူကျွံဘော ဖြစ်သွားတာကတော့ ပွဲရဲ့အလှည့်အပြောင်းဖြစ်သွားစေခဲ့ပါတယ်။ ၂၉မိနစ်မှာ စိုးမြတ်မင်းရဲ့ ထိုးဖောက်မှုကို စွမ်းအင်နောက်ခံလူ မင်းမင်းထွန်း အဖျက်ကြမ်းလို့ ဘဏ္ဍာ/အခွန် ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ရန်ပိုင်က ပထမဂိုးအဖြစ် သွင်းယူခဲ့ပါတယ်။ ၃၂မိနစ်မှာ စွမ်းအင်က မျိုးဇော်ဦး ကန်သွင်းတဲ့ဘောလုံးဂိုးဝင်ပေမယ့် လူကျွံဘောအနေအထားမှာရှိနေတဲ့ ကျော်ခိုင်ဝင်းက လှုပ်ရှားမှုရှိခဲ့လို့ ဂိုးမရရှိခဲ့ပါဘူး။



မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဖိုလ်စွဲသွားသည့် စီးပွား/ ကူးသန်းအသင်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

**အနိုင်ဂိုး**

အဲဒီနောက်ပိုင်းမှာတော့ ဘဏ္ဍာ/ အခွန်အသင်း ပိုဖိကစားနိုင်လာပြီး ၃၈မိနစ်မှာ ထွန်းထွန်းဝင်းက ဒုတိယအနိုင်ဂိုးကို သွင်းယူသွားပါတယ်။ ဒုတိယပိုင်းမှာ စွမ်းအင်အသင်း ချေပဂိုးရဖို့ ကြိုးစားလာပေမယ့် အဆုံးသတ်အားနည်းခဲ့လို့ အရေးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။ မျိုးဇော်ဦး၊ ကျော်ခိုင်ဝင်းနဲ့အောင်ကျော်မျိုးတို့ရဲ့ အပိုင်ဂိုးသွင်းခွင့်တွေ ဂိုးမရခဲ့သလို မိနစ် ၈၀မှာရတဲ့ ပယ်နယ်တီကိုလည်း နိုင်ဝင်း ဂိုးဝင်အောင်မသွင်းနိုင်ခဲ့လို့ စွမ်းအင်တို့ နှစ်သိမ့်ဂိုးတောင်မရခဲ့ပါဘူး။ ဘဏ္ဍာ/အခွန်အသင်းကတော့ အနိုင်ရလဒ်ကို ထိန်းပြီး ကွင်းပိတ်ချန်ပီယံဆုကို ဆက်လက်ရယူသွားပါတယ်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမဆုရ စီးပွား/ကူးသန်းအသင်းက ချန်ပီယံဆုဖလား၊ ဆင့်ပွားဖလား၊ ဆုတံဆိပ်နှင့် ကျပ်သိန်း ၅၀၊ ဒုတိယဆုရ ဘဏ္ဍာ/အခွန်အသင်းက ဆုတံဆိပ်နှင့် ကျပ်သိန်း ၃၀၊ တတိယဆုရ စွမ်းအင်အသင်းက ကျပ်သိန်း ၂၀၊ စတုတ္ထဆုရ ဆောက်လုပ်ရေးအသင်းက ကျပ် ၁၀သိန်း၊ ပဉ္စမဆုရ Air Bagan F.C က ကျပ်ငါးသိန်းတို့ရရှိကြသည်။ ကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းက ပထမတံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဆုတံဆိပ်နှင့် ကျပ်သိန်း ၅၀၊ ဒုတိယဆုရ စွမ်းအင်အသင်းက ဆုတံဆိပ်နှင့် ကျပ်သိန်း ၃၀တို့ ဆွတ်ခူးရရှိခဲ့ကြပါတယ်။

၂၀၀၈-၂၀၀၉ရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း၏ အကောင်းဆုံး ဘောလုံးသမားဆု (ရွှေဘောလုံးဆု)ကို ရာဇာဝင်းသိန်း (စီးပွား/ကူးသန်း)၊ ဒုတိယအကောင်းဆုံး ဘောလုံးသမားဆု(ငွေဘောလုံးဆု)ကို ခင်မောင်လွင်(လယ်ယာ/ဆည်မြောင်း)၊ ဂိုးသွင်းအများဆုံး (ရွှေဖိနပ်ဆု)ကို စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ ဒုတိယဂိုးသွင်းအများဆုံးဆု (ငွေဖိနပ်ဆု)ကို စိုးမင်းဦး(ကမ္ဘောဇ) တို့က ရရှိခဲ့ကြပြီး အကောင်းဆုံးဆုနှင့် ဂိုးသွင်းအများဆုံးဆုကို ငွေကျပ် ငါးသိန်းစီ၊ ဒုတိယအကောင်းဆုံးဆုနှင့် ဒုတိယဂိုးသွင်းအများဆုံးဆုကို ငွေကျပ် သုံးသိန်းစီ ချီးမြှင့်ခဲ့ပါတယ်။

**ချီးမြှင့်**

ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြပါတယ်။ ။ **(မြန်မာ့အလင်း)**



မတ် ၃၁ရက်က အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ (၂/ ၂၀၀၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဆေးဆိုင်ပိုင်ရှင်များအား အသိပညာပေးဟောပြောပွဲကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦး ဟောပြောဆွေးနွေးစဉ်။ (ခရိုင်ရဲတပ်ဖွဲ့)

# နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ရက်ပြင်ဆင်သတ်မှတ်ခြင်း

နေပြည်တော် မတ် ၃၁

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ မြို့တော် ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မတ် ၂၀၊ ၂၂ နှင့် ၂၄ ရက် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အထက်ပါ နေ့ရက်များအစား ၁၄ ရက်တွင် မြို့တော်ဂေါက်ကွင်း၊ ၁၅ရက်တွင် ရေပြာတပ်မတော်ဂေါက်ကွင်း၊ ၁၆ ရက်တွင် နေပြည်တော်ဂေါက်ကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။

(၁၁) ပွန်းသံကင်းမဲ့ဖုန်များအတွင်း ပွန်း လုံးဝမတီးရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) **သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာ စစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။**

(ဃ) **ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွဲ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA, RED LIGHT RUNNING CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကို အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်သွားပါမည်။**

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မည်စိုးရိမ်ပါစေနှင့်"**

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## နည်းပညာသိပ္ပံ



## နေနှင့် လေစွမ်းအင်သုံး ခရီးသည်တင်မော်တော်ယာဉ်များ တရုတ်နိုင်ငံတွင် ၂၀၁၂ခုနှစ်၌ ပြေးဆွဲမည်

တရုတ်နိုင်ငံတွင် လာမည့် ၂၀၁၂ခုနှစ်၌ အစားထိုးစွမ်းအင်သုံး မော်တော်ယာဉ်စီးရေ ၆၀၀၀၀ အထိ ပြေးဆွဲသွားရန် တရုတ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဝန်ကြီးဝမ်ကျန်က ထုတ်ဖော်ပြောကြားလိုက်သည်။

**ပြေးဆွဲ**

လေ၊ ရေနှင့် နေတို့၏ စွမ်းအင်ဖြင့် မောင်းနှင်မည့် မော်တော်ယာဉ်များကို တရုတ်နိုင်ငံမြို့ကြီးများ၌ ခရီးသည်တင် မော်တော်ယာဉ်လိုင်းများတွင် ပြေးဆွဲသွားရန် စီစဉ်လျက်ရှိနေပြီဖြစ်သည်။

အထူးသဖြင့် နေနှင့် လေစွမ်းအင်သုံး မော်တော်ယာဉ်များကို တရုတ်မြို့ကြီး ၁၂မြို့၌ ပြေးဆွဲရန်စီစဉ်ထားသည်။ ထို့အတူ အခြားအစားထိုး ဇီဝစွမ်းအင်များဖြင့်လည်း ခရီးသည်တင်မော်တော်ယာဉ်များ မောင်းနှင်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

**ညစ်ညမ်းမှုလျှော့ကျ**

နေစွမ်းအင်နှင့် လေစွမ်းအင်သုံး မော်တော်ယာဉ်များကို စတင်ထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်ရာ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုလျှော့ကျစေသည့် နည်းစနစ်များကို ထည့်သွင်းထုတ်လုပ်မည် ဖြစ်သည်။ (အင်တာနက်)

## အသားများများစားသုံးခြင်းဖြင့် အသက်တိုစေနိုင်

အသားကို များများစားသုံးခြင်းသည် အသက်တိုစေသည့် အချက်တစ်ချက်ဖြစ်ပြီး ကင်ဆာရောဂါနှင့် နှလုံးရောဂါဖြစ်ပွားစေရန် အများဆုံးတွန်းအားပေးသည့် အရာလည်းဖြစ်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

**ကင်ဆာ**

အသားကို သီတင်းတစ်ပတ်လျှင် လေးကြိမ် အနည်းဆုံးစားသုံးသူများသည် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်မှု အခွင့်အလမ်း ၄၀ရာ ခိုင်နှုန်းခန့်ရှိကြောင်း၊ အများဆုံးဖြစ်ပွားနိုင်သည့် ကင်ဆာမှာ အူမကြီးကင်ဆာဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

**သွေးပေါင်ချိန်မြင့်မား**

အသားများများ စားသုံးသူများသည် သွေးတိုးရောဂါ ဖြစ်ပွားရန်လည်း အခွင့်အလမ်းများကြောင်း၊ အသားများများ စားသုံးခြင်းသည် သွေးပေါင်ချိန်မြင့်မားစေရန် အားပေးသည့် အချက်တစ်ချက်လည်းဖြစ်ကြောင်း သိရသည်။

**မျှတစွာ စားသုံးပေးသင့်**

ထို့ကြောင့် အသားများများ စားသုံးမှုသည် ကျန်းမာရေးကို ထိခိုက်စေသဖြင့် အသီးအရွက်နှင့်အသားကို မျှတစွာ စားသုံးပေးသင့်ကြောင်း ကနေဒါသုတေသန ပညာရှင်များက သတိပေးအကြံပြုထားသည်။



**အင်တာနက်ကျန်းမာရေး**

## ဘဝဒဿန

■ *Better shun the bait than struggle in the same.*

❒ *ညှတ်ကွင်းထဲ၌ မိသွားသဖြင့် လွတ်မြောက်အောင် ရုန်းကန်ရခြင်းထက် ညှတ်ကွင်းကို မသက်ဆင်းမိစေရန် ကြိုတင်ရှောင်ရှားရခြင်းက ပိုကောင်းသည်။*

ဂျွန်ဒရိုင်ဒင်
(အင်္ဂလိပ်လူမျိုးကဗျာဆရာနှင့် စာရေးဆရာ)

## နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

*တိုး၊ မောင်မောင်မြင့်ဆွေ*
*မြင့်မောင်စိုး၊ ချစ်စိုးနိုင်*
*တင်မာဝင်းနှင့်*
*အေးသန္တာသိန်း*

**ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ**

## အောင်မြင်ကျော်ကြားခဲ့သည့် ကဗျာဆရာ ဝီလျံဝပ်စ်ဝပ်သ်

**၁၇၇၀-၁၈၅၀**

လူတို့သည် မိမိတို့၏စားဝတ်နေရေးအတွက် ဘဝတွင် အစဉ်အမြဲတိုးတက်နေစေရန် အချိန်နှင့်အမျှ ကြိုးစားကာ လှုပ်ရှားရုန်းကန်နေကြပေသည်။ ထိုသို့သော အခြေအနေတွင် ဝမ်းသာစရာများ၊ စိတ်အားတက်ကြွဖွယ် ကိစ္စရပ်များကို ကြုံတွေ့ရသကဲ့သို့ ဝမ်းနည်းစရာများ၊ စိတ်ဓာတ်ကျ အားငယ်စရာကိစ္စများစသည့် ဘဝအမောများကို အမျိုးမျိုးအဖုံဖုံ ကြုံတွေ့ကြရသည်။ ထို့ကြောင့် လုပ်ဆောင်ဖွယ် လုပ်ငန်းကိစ္စအဝဝ ပြီးစီးသောအခါတွင်ဖြစ်စေ၊ ဘဝအမောများကို ရင်ဆိုင်ကြုံတွေ့ရပြီးသည့်အခါတွင်ဖြစ်စေ စိတ်ကို လျှော့ချကာ လက်တွေ့သဘာဝ နယ်ပယ်ဖြစ်သည့် တောတောင်ရှုခင်းများဖြင့် သာယာ လှပသော ဒေသများသို့ အပန်းဖြေ ခရီးထွက်လေ့ရှိသကဲ့သို့ ထိုသို့ ခရီးမထွက်နိုင်သူ များကလည်း ယင်းသဘာဝအလှအပများကို ဖွဲ့ဆိုသီကျူးထားသည့် ကဗျာ၊ စကားပြေများ၊ အလှဘွဲ့များနှင့် တေးသီချင်းများကို ဖတ်ရှုမှတ်သားခြင်း၊ နားထောင်ခြင်းများဖြင့် စိတ်အပန်းဖြေကြရပေသည်။

**အလုပ်အကျွေးပြု**

ထိုသို့လူများ အပန်းဖြေနိုင်သည့် နည်းလမ်းများအနက်မှ သဘာဝအလှနှင့် တောတောင်ရှုခင်းများအကြောင်း ကဗျာစပ်ဆိုကာ ပြည်သူတို့အား အလုပ်အကျွေးပြုခဲ့သော စာဆိုတစ်ဦးမှာ ဝပ်စ်ဝပ်သ် အမည်ရှိ ကဗျာဆရာကြီးပင် ဖြစ်သည်။ ဝပ်စ်ဝပ်သ်ကို ဗြိတိန်နိုင်ငံ ကမ်ဘာလင်နယ် လာကီခရိုင် ကော့ကာမောက်သ်မြို့တွင် ၁၇၇၀ပြည့်နှစ် ဧပြီ ၇ရက်ကမွေးဖွားခဲ့သည်။ ဖခင်မှာ ဂျွန်ဝပ်ဒ်စ်ဝပ်သ် အမည်ရှိ ရှေ့နေတစ်ဦးဖြစ်သည်။



**ခုံမင်နှစ်သက်**

ဝပ်စ်ဝပ်သ်သည် ဗြိတိသျှအနွယ်ဝင်ဖြစ်ပြီး စိတ်ဓာတ် ခက်ထန် ပြင်းပြ၍ ထက်မြတ်သောစိတ်ဓာတ်က ငယ်စဉ်ကပင် ၎င်းအား အထောက်အပံ့ဖြစ်စေခဲ့သည်။ ကမ်ဘာလင်နယ်တွင် လွင်ပြင်နှင့် တောတောင်တို့ကြား၌ လွတ်လပ်စွာနေထိုင်ခဲ့ရာမှ ကိန်းဘရစ်တက္ကသိုလ်သို့ သွားရောက်ကာ အဆင့်မြင့်ပညာ သင်ကြားဆည်းပူးခဲ့သည်။ ဝပ်စ်ဝပ်သ်သည် ၁၇၉၁ခုနှစ်တွင် ကိန်းဘရစ် တက္ကသိုလ်လက်အောက်ရှိ စိန့်ဂျွန်းကောလိပ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ တက္ကသိုလ်၌ အထက် တန်းပညာ သင်ကြားခဲ့သော်လည်း သူ့စိတ်သဘာဝမှာ လွတ်လပ်ကြွခိုင်၍ တောတောင် ရေမြေနှင့်သာ နီးစပ်သောကြောင့် စာပေမှရရှိသည့်ပညာထက် သဘာဝတရားမှရရှိသော ပညာကို ပိုမိုခုံမင်နှစ်သက်ခဲ့သည်။ ထို့ကြောင့် သူ၏ ကဗျာဉာဏ်သည် လောက၏ လှို့ဆော်မှုကင်း၍ ကျဉ်းကျပ်သော တက္ကသိုလ်ကျောင်းဆောင်၌ ပေါက်ရောက်ခြင်းမရှိဘဲ မှေးမှိန်လျက်ရှိခဲ့သည်။ ထိုစဉ် ဝပ်စ်ဝပ်သ်သည် တက္ကသိုလ်ကျောင်းပိတ်ရက်တွင် ပြင်သစ် နိုင်ငံ ပါရီမြို့သို့ သွားရောက်လည်ပတ်ခဲ့ရာ တစ်ကမ္ဘာလုံးသို့ ဂယက်ရိုက်ခဲ့သည့် အရေးတော်ပုံတစ်ခုနှင့် ကြုံခဲ့ရသည်။

**ချစ်ခင်စွဲလမ်း**

မိဘများက ဝပ်စ်ဝပ်သ် ငယ်စဉ်ကပင် သာသနာ့ဝန်ထမ်းဖြစ်စေရန် ရည်မှန်းခဲ့ကြသော်လည်း ပြင်သစ်နိုင်ငံသို့ ဒုတိယအကြိမ်သွားရောက်ကာ စွန့်စားမှုကိုအရင်းတည်ရသော သတင်းစာဆရာအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ယခင်ပြင်သစ်တွင် အရေးတော်ပုံနှင့်ကြုံရခိုက် ၁၆လခန့် နေထိုင်ခဲ့ပြီး ယင်းအဖြစ်အပျက်များကို လေ့လာစဉ် ပြင်သစ်သူလေး အဲနက်စ်ဝဲလွန်အား ချစ်ခင်စွဲလမ်းမိခဲ့သည်။

ပြင်သစ်စာသင်ကြားပေးသော အဲနက်စ်ထံတွင် စာသင်ကာ တပည့်အဖြစ်ခံယူရင်း ချစ်ကျွမ်းဝင်ကာ လက်ထပ်ခဲ့ကြပြီး မကြာမီ သားတစ်ယောက် ထွန်းကားခဲ့သည်။ စာဆိုလေး ဝပ်စ်ဝပ်သ်သည် အင်္ဂလန်သို့ပြန်ကာ အလုပ်လုပ်ကိုင်ရင်း ဇနီးနှင့်သားကို ခေါ်ယူရန် ကြိုးစားခဲ့သည်။ သို့သော်လည်း ကံစီမံမှုကြောင့် ဝပ်စ်ဝပ်သ် အင်္ဂလန်သို့ပြန်လာ၍ တစ်လခန့်မကြာသေးသည့်အချိန်မှာပင် အင်္ဂလန်နှင့်ပြင်သစ် စစ်ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဇနီးနှင့်သားအား အင်္ဂလန်နိုင်ငံသို့ ခေါ်ယူရေးမှာ စစ်ကြောင့်ဝေးခဲ့ရပြီး ရန်သူ့နိုင်ငံတွင် ရှိသော ၎င်းတို့အား ခေါ်ယူခြင်းငှာ မစွမ်းသာခဲ့ချေ။

**ဆရာတစ်ဆူ**

ဇနီးမယားတို့နှင့် ဝေးခဲ့ရသော စာဆိုဝပ်စ်ဝပ်သ်အဖို့ ပထမတွင် အများနည်းတူ ပူဆွေးခြင်း၊ လောကကြီးကိုဒေါသဖြစ်ခြင်းစသည့် စိတ်လှုပ်ရှားမှုများ ဖြစ်ပွားခဲ့သော်လည်း နှစ်ကြာသည့်အခါ မြေကြီးအတွင်းရှိ ကျောက်မီးသွေးမှ အဖိုးတန်စိန်ဖြစ်သည့်ပမာ သူ၏ အဆွေးသည်လည်း အဖိုးတန်ကဗျာအဖြစ် ပြောင်းလဲသွားတော့သည်။ ဝပ်စ်ဝပ်သ်သည် အသက်အရွယ်အရ ရင့်ကျက်ကာ အရာရာကို ဆင်ခြင်သုံးသပ်နိုင်သည့် ဆရာတစ်ဆူ ဖြစ်လာခဲ့သည်။

**ပြုစုစောင့်ရှောက်**

စစ်ပြီးစပြင်သစ်နိုင်ငံသို့ ဝပ်စ်ဝပ်သ် ပြန်ရောက်ချိန်တွင် ဇနီးအဲနက်နှင့် သားတို့ကို ပြန်တွေ့ခဲ့ရသော်လည်း သွေးအေးသွားခဲ့ပြီ ဖြစ်သည်။ ထို့နောက် ၁၈၀၂ခုနှစ်တွင် အင်္ဂလိပ်မလေးမေရီဟက်ချင်ဆင်နှင့် လက်ဆက်ခဲ့သည်။ စစ်တွင်းက ချစ်သူအဲနက်နှင့် ဖော်ကွာဝေးခဲ့ရမှုကြောင့် အချစ်နာကျနေခဲ့သော ဝပ်စ်ဝပ်သ်အား ၎င်း၏အစ်မဒေါ်ရိုသီက ကျန်းမာလာအောင် ပြုစုစောင့်ရှောက်ခဲ့သည်။

**နေထိုင်**

ထို့နောက် မိတ်ဆွေပေးထားသော အိမ်ကလေး၌ ပျော်ရွှင်သာယာစွာ နေထိုင်ခဲ့ရပြီး ဝါသနာတူမိတ်ဆွေများဖြစ်သည့် နာမည်ကြီး အစမ်းစာရေးဆရာ ချားလ်စ်လင့်ဘ်၊ ဝေဖန်ရေးဆရာဝီလျံဟဲဇလစ်နှင့် ကဗျာဆရာလေး ဆင်မြူယယ်လ်ကောလားရစ်ချ်တို့နှင့် တွေ့ဆုံခဲ့ကြရသည်။ ကောလားရစ်ချ်နှင့် ခင်မင်ရင်းနှီး၍ တစ်အိမ်တည်းနေလိုသဖြင့် အိမ်ပြောင်းကာနေထိုင်ခဲ့သည်။ နောက်ပိုင်းတွင် ကောလားရစ်ချ်သည် ဝေဖန်ရေးဆရာ အဆင့်မျှသာရှိနေပြီး ဝပ်စ်ဝပ်သ်သည် ၎င်းထံမှ အတုယူစရာမရှိခဲ့ချေ။

**ခံယူထား**

ဝပ်စ်ဝပ်သ်သည် တောတောင်ရေမြေ၊ ကျေးငှက်သာရကာတို့၏ နက်နဲသော သဘာဝကို ကြည့်ရှုခံစားကာ သူ၏ ကဗျာများတွင် ထည့်ခဲ့သဖြင့် အများနှင့်မတူ တစ်မူထူးကဲလှပေသည်။ ဝပ်စ်ဝပ်သ်သည် ၎င်းထက်စောပြီး ကျော်ကြားနှင့်ပြီးသော စာဆိုကြီးပုပ်နှင့် ဒရိုင်ဒင်တို့၏ ရှေးဟောင်းဇာတ်နိပါတ်တို့အား နန်းဆန်ဆန် သီဖွဲ့မှုကို နှစ်သက်ခြင်းမရှိချေ။ ကဗျာသည် ပညာရှိများအဖို့သာမဟုတ်ဘဲ သာမာန်ဆင်းရဲသား လူထုအဖို့လည်းဖြစ်သည်ဟု ဝပ်စ်ဝပ်သ်က ခံယူထားခဲ့သည်။

**နှလုံးပိုက်**

ထို့ကြောင့် ဝပ်စ်ဝပ်သ်သည် တောရွာဒေသအကြောင်း၊ တောသူတောင်သား၏ အလေ့အထ၊ ၎င်းတို့၏ဒုက္ခပြုန်းတီးလျက်ရှိသော အတ္ထုပ္ပတ္တိများ စသည်တို့ကို မူတည်၍ ကဗျာဖွဲ့သည်။ မုဆိုးကြီးဆိုင်မွန်လီအကြောင်း၊ မြို့သားများကကျောရုံကြွသွားခြင်းခံရသော တောသူလေးရုသ်အကြောင်းတို့အပြင် ဝမ်းတွင်းရူး ဂျော်နီလေးအကြောင်းပါမချန် ကဗျာ စပ်ခဲ့သည်။ သူ၏ဝါဒမှာ ကဗျာဆိုသည်မှာ လူလူချင်း အကြောင်းအကျိုးကို ဖော်ပြရသော အရေးအသားမျိုးဖြစ်ပြီး အထက်တန်းစားတို့ အပျော်တမ်းရေးဖို့၊ ဖတ်ဖို့ မဟုတ်ဟု နှလုံးပိုက်ခံယူထားသူ ဖြစ်သည်။

**မွေ့လျော်**

ဝပ်စ်ဝပ်သ်၏ ကဗျာများသည် လူ့ဘဝကိုသရုပ်ဖော်ရာ၌ အထူးပင်ထိမိလှသည်။ ယင်းသို့အဖိုးတန်သဘာဝစာဆို ဝပ်စ်ဝပ်သ်သည် အသက် ၃၇နှစ်အရွယ်တွင် ဘုရင့်စာချုန်တော်ရစာဆိုကြီးအဖြစ် ခန့်အပ်ခံရပြီးနောက် ၎င်း၏စာဆိုစိတ်သည်ထူးဆန်းလှစွာ ပျောက်ကွယ်သွားခဲ့သည်။ ထိုအချိန်မှစ၍ ဝပ်စ်ဝပ်သ်၌ တော်လှန်ရေးစိတ်ကင်းမဲ့ပြီး သမားရိုးကျစိတ်များဝင်ကာ ရာထူးစည်းစိမ်၌ မွေ့လျော်သည့် အခြားမဲ့၌ သူ၏ သွက်လက်ဖျတ်လတ်၍ တက်ကြွနေသော စာဆိုစိတ်သည် ရုတ်ချည်းကျဆုံးသွားခဲ့ရသည်။

ဝပ်စ်ဝပ်သ်၏စာဆိုဘဝကျဆုံးမှုကို ယခင်က ၎င်းအားကြည်ညိုသူ မိတ်ဆွေများက အံ့အားသင့်ခဲ့ကြသည်။ စာဆိုကြီး ဝပ်စ်ဝပ်သ်သည် ၁၈၅၀ပြည့်နှစ် ဧပြီ ၂၃ရက် အသက် ၈၀ အရွယ်တွင် ကွယ်လွန်ခြင်းဖြင့် စာဆိုတော်ဘဝကို ကျောခိုင်းသွားခဲ့ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

ကိုးကား-အင်တာနက်

**ချစ်စိုးနိုင် ရေးသားသည်။**

## ဘဝအမောပြေ

### သီချင်းဆိုပြပါ....

**နာမည်ကြီးအဆိုတော်တစ်ဦးအား မိတ်ဆွေဖြစ်သူက အိမ်သို့ထမင်းဖိတ်ကျွေးလေသည်။**

**မိတ်ဆွေ** ။ ။ စားဗျာ- အားမနာပါနဲ့၊ ဟင်းတွေစုံပါတယ်။
**အဆိုတော်** ။ ။ ဟုတ်ကဲ့ပါ။
**မိတ်ဆွေ** ။ ။ ဝအောင်သာစားပါ။
**အဆိုတော်** ။ ။ ဟုတ်ကဲ့ပါ။
**မိတ်ဆွေ** ။ ။ စားပြီးရင် သီချင်းတော့ဆိုပြပါဦး။
**အဆိုတော်** ။ ။ ရပါတယ်၊ ဘယ်သီချင်းတွေ ဆိုပြရမလဲ။
**မိတ်ဆွေ** ။ ။ ဘာသီချင်းဖြစ်ဖြစ်ပါ၊ ကျယ်ကျယ်လေးသာ ဆိုစမ်းပါဗျာ။ ဖြစ်နိုင်ရင် ညဉ့်နက်တဲ့အထိ ဆိုစမ်းပါ။
**အဆိုတော်** ။ ။ စိတ်ကြိုက်နားထောင်ချင်တယ်ပေါ့...
**မိတ်ဆွေ** ။ ။ ဒီလိုပါ၊ ဘေးအိမ်က လင်မယား မနေ့ညက တစ်ညလုံး ရန်တွေဖြစ်နေတာ မအိပ်ရဘူး၊ ဒါကြောင့် သူတို့ကို ပြန်ပြီး လက်စားချေချင်လို့ပါ။
**အဆိုတော်** ။ ။ "ဗျာ"

# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာစက်မှုဇုန်(၃) ကြည့်ရှုစစ်ဆေး

## သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆွေးနွေးမှာကြား

ရန်ကုန် မတ် ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃၀ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးရေး၊ နည်းပညာတိုးတက်ရေး၊ သွင်းကုန်အစားထိုးနှင့် အမယ်သစ်စက်မှုကုန်ထုတ်ပစ္စည်းများ ပိုမိုတိုးတက်စွာ ထုတ်လုပ်ရေးတို့နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရွှေပြည်သာစက်မှုဇုန်(၃)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေပြည်သာစက်မှုဇုန်(၃)ရှိ Fair Sun Industry Co., Ltd.၏ စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒါရိုက်တာက စက်ရုံအတွင်း မိုနှင့်ဒိုင်များ အမျိုးအစားအလိုက် ထုတ်လုပ်နေမှု၊ သံရည်ကျို Pattern များ၊ စာမျက်နှာ ၅ ကော်လံ ၄ ❐

**မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး**

## အသင့်စား အစားအစာများ ပုံမှန်စားသုံးပါက ကလေးငယ်များ ကြီးထွားဖွံ့ဖြိုးမှု ထိခိုက်နိုင်

*အသင့်စား အစားအစာများသည် ကလေးငယ်များနှင့် ဆယ်ကျော်သက်များအား ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်စေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။*

**ကျန်းမာရေးထိခိုက်**

*ဟမ်ဘာဂါအပါအဝင် အသင့်စား အစားအစာများဖြစ်သော အာလူးချောင်းကြော်၊ ငါးမုန့်ကြော်၊ အသားညှပ်ပေါင်မုန့်နှင့် အခြားသော ကလေးစားစရာ အသင့်ထုပ်ပိုးမုန့်များသည် ကြာရှည်ခံရန် ဓာတုပစ္စည်းများ ထည့်သွင်းပြုလုပ်ထားသဖြင့် ကျန်းမာရေးကို ထိခိုက်စေကြောင်း ၎င်းတို့က သတိပေးထားသည်။*

**နည်းလမ်းအမျိုးမျိုး**

*အသားချောင်းကြော်နှင့် အသားညှပ် ပေါင်မုန့်များတွင် ဆော်ဒါမှုန့်များ၊ ဓာတုဆေးရည်များအပြင်* စာမျက်နှာ ၃ ကော်လံ ၅ ■






ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းရှိ မဒေးတံတားပေါ်မှ အထူးရထား ဖြတ်သန်းခုတ်မောင်းလာသည်ကို ဤသို့ တွေ့ရသည်။

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - အောင်(မီးရထား) ➤ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၁

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် မည်သည့်ခေတ်ကာလကမျှ မရရှိခဲ့ဖူးသည့် အေးချမ်းသာယာမှုကို ရရှိခဲ့ပြီး နိုင်ငံတစ်ဝန်း ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ကိုယ့်အင်ကိုယ့်အားဖြင့် ကြိုးပမ်းအားထုတ် ဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည်။

### အကောင်အထည်ဖော်

ယခုတစ်ဖန် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသကို အရှေ့ဘက်ခြမ်းဒေသနှင့် တစ်ပြိုင်တည်း တန်းတူညီတူ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရှည်မိုင် ၃၂၀ရှိသည့် ကြံခင်း-ပခုက္ကူရထားလမ်းကြီးကို မြန်မာ့မီးရထားအနေဖြင့် ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၀၀၊ ပွင့်ဖြူ-ပခုက္ကူအပိုင်း မိုင် ၁၁၀ သုံးပိုင်းခွဲ၍ တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### ဖွင့်လှစ်ခဲ့

ကြံခင်း-ဥသျှစ်ပင်အပိုင်း သံလမ်းမိုင် ၄၀ ကို ၁-၃-၂၀၀၈ ရက်၌ ဖွင့်လှစ်ခဲ့သည်။ ယခုဖွင့်လှစ်သည့် ဥသျှစ်ပင်-ကံမလမ်းပိုင်းသည် ၃၅ မိုင်ရှိပြီး ၂၅-၆-၂၀၀၇ရက်၌ မြေသားလုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပြီး တံတားကြီး၊ တံတားငယ်များ တည်ဆောက်ခြင်းကို ၂၀-၅-၂၀၀၇ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။ ဥသျှစ်ပင်-ကံမအပိုင်း ၃၅ မိုင်မှာ ပဲခူးတိုင်းအတွင်း ၂၂ မိုင်နှင့် မကွေးတိုင်းအတွင်း ၁၃ မိုင်ပါဝင်သည်။ ဥသျှစ်ပင်-ကံမအပိုင်းတွင် တံတားကြီး/ငယ် စုစုပေါင်းမှာ ၁၈၅ စင်းရှိသည်။ စာမျက်နှာ ၇ ကော်လံ ၁ ●

## ၂၀၅၀ ပြည့်နှစ်၌ လေနှင့် နေတို့မှ ဓာတ်အားထုတ်ယူသုံးစွဲမှု ကမ္ဘာတစ်ဝန်း၌ ၄၀ ရာခိုင်နှုန်းအထိ ရှိလာမည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်
စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း (မြန်မာ့အလင်း)

ကမ္ဘာ့ဓာတ်အားသုံးစွဲမှု အနေအထားအရ အစားထိုးစွမ်းအင်များ ကမ္ဘာ့နိုင်ငံအသီးသီးတွင် တဖြည်းဖြည်း တိုးမြင့်သုံးစွဲလာလျက်ရှိရာ ၂၀၅၀ ပြည့်နှစ်တွင် အစားထိုး ဓာတ်အားသုံးစွဲမှုသည် တစ်ကမ္ဘာလုံး၌ ၄၀ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်ကြောင်း နိုင်ငံတကာစွမ်းအင်သုတေသနပညာရှင်များက ပြောကြားသည်။

### ဘေးအန္တရာယ်ကင်းရှင်း

နည်းပညာများ တိုးတက်လာမှုကြောင့် လေ၊ နေတို့မှရရှိသော စွမ်းအင်များကို နေအိမ်များ၌ ပြောင်းလဲတပ်ဆင် အသုံးပြုနေကြပြီဖြစ်သည်။

### သုံးစွဲမှု များပြားလာ

နေစွမ်းအင်ကို အသုံးပြုပြီး ဓာတ်အားထုတ်ယူမှုသည် ဘေးအန္တရာယ် ကင်းရှင်းစေသည့်အပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို မထိခိုက်စေသဖြင့် အနာဂတ်ကာလ၌ သုံးစွဲမှုများပြားလာမည်ဖြစ်သည်။ စာမျက်နှာ ၃ ကော်လံ ၅ ✻



## ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။ မီးသတ်ဦးစီးဌာန